# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် YMBA အသင်းကြီးသည် လူမှုရေးအဖွဲ့အစည်းများတွင် အရေးပါသည့် အဖွဲ့အစည်းကြီးဖြစ်သဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ကြရန်လိုပြီး လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကိုစနစ်တကျဖြင့်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)မှ အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ရုံး၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များက ဓမ္မလက်ဆောင်ပေးအပ်စဉ်။




# တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် နိုင်ငံ့လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ဘဝများ တိုးတက်လာစေရန်ဖြစ်သကဲ့သို့ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းကို မြင့်မားလာစေရန်လည်း ဖြစ်သည်။ အကျိုးဆက်အားဖြင့် နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာစေရန်အတွက်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး မိုးစပါးထွက်ရှိပြီးချိန်တွင် နွေစပါးဆက်လက်စိုက်ပျိုးခြင်းနှင့် အများစုကို အခြားသီးနှံအမျိုးမျိုး ဆက်လက်စိုက်ပျိုးခြင်းတို့ ပြုလုပ်ကြသည်။ မိုးစပါးပြီးချိန်တွင် မည်သည့်သီးနှံမှ မစိုက်သော မြေဧကပေါင်း ၅ သန်း ၇ သိန်းကျော် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရှိနေသည်။ အကယ်၍သာ အဆိုပါမြေများပေါ်၌ နွေစပါးဖြစ်စေ၊ ဒေသနှင့် ကိုက်ညီသည့် သီးနှံတစ်ခုခု သို့မဟုတ် ဆီထွက်သီးနှံ စသည်တို့ဖြစ်စေ စိုက်ပျိုးမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်နိုင်သည့် စွမ်းအားမှာ တစ်ဧကချင်းအနေဖြင့်ရော၊ လူတစ်ဦးချင်းအနေဖြင့်ပါ အနိမ့်ဆုံးတွင် ရောက်ရှိနေရာ ကြိုးပမ်းအားထုတ်အလုပ်လုပ်ကြရန် များစွာလိုအပ်လျက်ရှိသည်။

ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့် အသား၊ နို့ထွက်ပစ္စည်း ကဏ္ဍဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးရာတွင် “နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသဖြင့် ပြည်တွင်းဆီ စားသုံးမှု ဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန် မိမိတို့ စတင်တာဝန်ယူစဉ်ကတည်းက ပြောကြားခဲ့ပြီး အထောက်အကူဖြစ်စေရေးအတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် စားသုံးဆီတင်သွင်းမှုအနေဖြင့် လျော့ကျခြင်းမရှိသည်ကို တွေ့ရှိရပြီး လက်ရှိအချိန်အထိ တင်သွင်းနေရဆဲဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။ ၂၀၂၂ ခုနှစ်က ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် မြေပဲဧက သုံးသန်း၊ နေကြာဧက တစ်သန်း၊ နှမ်းဧက ၃ ဒသမ ၅ သန်း စိုက်ပျိုးခဲ့ရာ စနစ်တကျစိုက်ပျိုးမှုဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိမည်ဆိုပါက ဆီတန်ချိန် ၁ ဒသမ ၃၆၉ သန်း ထွက်ရှိနိုင်မည်ဖြစ်သည်။ ယင်းဆီတန်ချိန်သည် နိုင်ငံ့လိုအပ်ချက်၏ နှစ်ဆကျော်ရှိပြီး ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်းကျော် ရရှိနိုင်ခြင်းပင်ဖြစ်သည်။

ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့တွင် မြေပဲတစ်မျိုးသာ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိနိုင်ခဲ့ရာ ဆီထွက်နှုန်းအကောင်းဆုံးဖြစ်သော နေကြာကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့မည်ဆိုပါက ဆီအထွက်များစွာ ပိုမိုလာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံစိုက်ပျိုးဧကသည် ပန်းတိုင်ထွက်နှုန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်မှသာ နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်ကို လုံလုံလောက်လောက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အလျောက် စိုက်ပျိုးရေးအောင်မြင်မှု အခြေခံအချက် ၄ ချက်ဖြစ်သော မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေကို စနစ်တကျပြုပြင်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးတို့ကို အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ နေကြာစိုက်ပျိုးရာတွင် တစ်ပွင့်လျှင် အောင်စေ့ ၅၀၀ မှ ၆၀၀ ပါရှိမှသာ တစ်ဧကလျှင် တင်း ၅၀ ပန်းတိုင်ထွက်နှုန်း ပြည့်မီနိုင်မည်ဖြစ်သည့်အလျောက် ပျားမွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ခြင်းဖြင့် အပိုဝင်ငွေကိုပါ ရရှိနိုင်မည်ဖြစ်သည်။

“တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် မပြည့်မီသည့် ထွက်ရှိမှုများသည် မိမိတို့အတွက် အနုတ်လက္ခဏာပြနေသည်ကို သတိပြုမိကြရန်လိုကြောင်း” နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်ကို အလေးအနက်ဂရုပြုကာ စိုက်ပျိုးသီးနှံများ တစ်ဧကအထွက်နှုန်း တိုးမြှင့်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ပြည်တွင်းစားသုံးမှုရှိနေခြင်းနှင့်အတူ ပြည်ပဈေးကွက်တွင်လည်း သကြားရောင်းပန်းလှနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပြည်ပတင်ပို့မှုရှိနေပြီး ပြည်တွင်းတွင်လည်း စားသုံးမှုပုံမှန်ရှိနေသည့် သကြားမှာ ပြည်ပဈေးကွက်တွင် ရောင်းပန်းလှနေကြောင်း ဈေးကွက်သုတေသနပြုလေ့လာသူများကို မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

“ပြည်တွင်းဈေးကွက်မှာ စစ်ကိုင်းဘက်က လာတာနောက်ကျတယ်။ နှစ်လလောက် နောက်ကျတာပေါ့။ ရှမ်းပြည်ဘက်ကဟာတွေတော့ ရတယ်။ အဲဒါကြောင့် သကြားကတော့ မပြတ်သွားဘူး။ ပြည်ပဈေးကွက်မှာ ဗီယက်နမ်ကို ၄၀ ရာခိုင်နှုန်းရောင်းထားတယ်။ Export ပုံမှန်ရှိနေတယ်ဆိုတော့ ပြည်ပကရောင်းသလောက်ကိုဝယ်နိုင်တယ်” ဟု သကြားနှင့်သကာရည် ကုန်စည်ဒိုင်အသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်များက သကြားဈေးကွက်မှာ အရှုံးပေါ်ခဲ့ပြီး ကြံစိုက်ဧကများကို လျှော့ချစိုက်ပျိုးခဲ့ခြင်းများလည်းရှိခဲ့ကာ ယခုနှစ်တွင် ဈေးကောင်းရနေသည့်အတွက် သကြားတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခင်နှစ်များအတွင်းက သကြားဈေးတစ်ပိဿာလျှင် အများဆုံး ငွေကျပ် ၉၀၀ ခန့်သာရှိခဲ့ပြီး လက်ရှိ သကြား တစ်ပိဿာလျှင် ငွေကျပ် ၃၈၅၀ ဝန်းကျင်ခန့်အထိ ရရှိနေကြောင်း သိရသည်။

လက်ရှိ သကြားဈေးကွက်အနေအထားအရ လာမည့်ရာသီတွင်လည်း တောင်သူများအနေဖြင့် သကြားထုတ်လုပ်သည့်ကြံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ပါက စားသုံးသူနှင့် တောင်သူများအားလုံး အဆင်ပြေလာနိုင်မည့် ဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း သကြားဈေးကွက်လေ့လာသုံးသပ်သူများက ဆိုကြသည်။

**သစ်တော်**

# MAEX က ပြည်တွင်းဘဏ်သုံးခုနှင့် ပူးပေါင်း၍ တည်င်းကုန်းဈေးသူဈေးသား ၁၈၀ ကျော်ကို ကျပ်သိန်းပေါင်း နှစ်သောင်းကျော် ထုတ်ချေးပေးထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

MAEX (Myanmar Agro Exchange Public Co.,Ltd) က ပြည်တွင်းဘဏ်သုံးခုနှင့် ပူးပေါင်း၍ တည်င်းကုန်းဈေးသူ ဈေးသား ၁၈၀ ကျော်ကို ကျပ်သိန်းပေါင်း နှစ်သောင်းကျော် ထုတ်ချေးပေးထားကြောင်း သိရသည်။

အင်းစိန်မြို့နယ် တည်င်းကုန်းလက်ကားဈေးဝင်း အတွင်း၌ ဖေဖော်ဝါရီ ၁၅ ရက်က တည်င်းကုန်း လက်ကားဈေးကြီးမှ ဈေးသူဈေးသားများအားAyeyarwaddy Farmers Development Bank Limited (A Bank) မှ MSME Micro Loan ချေးငွေများ ပေးအပ်ခြင်းအခမ်းအနား ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသည် Myanmar Agro Exchange Public Co., Ltd (MAEX)အနေဖြင့် A Bank နှင့်ချိတ်ဆက်ပြီး ပထမအကြိမ်အဖြစ် ဈေးကြီးအတွင်းမှ ဈေးသည် ၄၇ ဦးတို့အား ချေးငွေကျပ် ၄၉၆၅ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအကြိမ်အပါအဝင် ဈေးသူဈေးသားများအား MSME ချေးငွေထုတ်ပေးခြင်း အစီအစဉ်မှာ ငါးကြိမ်မြောက်ဖြစ်ပြီး MAEX မှ UAB, AYA, A Bank တို့နှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကာ စုစုပေါင်း ဈေးသည် ၁၈၆ ဦးကို ချေးငွေအနေဖြင့် ကျပ်သိန်းပေါင်း ၂၄၂၈၅ သိန်း ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

MAEX အနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ရှိ Yangon Convention Centre တွင် YRYEA EXPO 2024 ပြပွဲကြီးကို ကျင်းပသွားမည်ဖြစ်ကာ တည်င်းကုန်းလက်ကားဈေးကြီး၌ တည်ရှိသည့် Shop House (နှစ်ခန်းတွဲ ၃/၄ထပ်တိုက်) နှင့် Medium Wholesale Market (အလတ်စားဈေးရုံ–၂၈/၁၆ခန်းတွဲ နှစ်ထပ်တိုက်) များကို ငွေကျပ်သိန်း ၉၀၀ အထိ Discount ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

**ဓာတ်ပုံ – MAEX**




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း နှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)မှ အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- **အမျိုးဘာသာ သာသနာ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင်တာဝန်ရှိ**
- **YMBA အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့် ခေါင်းဆောင်များနှင့် ခေတ်အဆက်ဆက် တာဝန်ယူထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ခဲ့ကြသကဲ့သို့ ယခုအချိန်တွင်လည်း အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လို**
- **လူငယ်လူရွယ်များအနေဖြင့် မူလအခြေခံစိတ်ဓာတ်ကောင်းများ ရရှိစေရေး၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များရရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အပေါ်တွင်ထားရှိသည့် စိတ်ဓာတ်များကောင်းမွန်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးဆောင်ရွက်ပေးရမည်**

*ရှေ့ဖုံးမှ*

နာယကများ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ၏ ရာသက်ပန် ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် နာယကများ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ရုံးညှော့ခန်းမဆောင်၌ YMBA အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းက ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဘိဓမ္မာနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဘာသာစကားသင်တန်းများ သင်ကြားပို့ချပေးလျက်ရှိမှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် YMBA အသင်းသားများမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် အစုအဖွဲ့များ စုဖွဲ့ထားရှိမှု၊ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း(ဗဟို) ရုံးချုပ်အဆောက်အဦသစ် တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှုနှင့် အဆိုပါအဆောက်အဦသစ်အတွင်း၌ YMBA အသင်းကြီး၏ သမိုင်းဝင်ပြခန်းအပါအဝင် အခန်းများ အလိုက် နေရာချထားရန်လျာထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုံးချုပ်အဆောက်အဦသစ်အား တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ YMBA အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကတည်းက ရည်ရွယ်ချက်သည် **“အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ”** ကြီးပွားမြင့်မားရေးပင်ဖြစ်ကြောင်း၊ **အမျိုးဘာသာသာသနာ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့်လည်း နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ YMBA အသင်းကြီးအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ တို့ဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို ယဉ်ကျေးသိမ်မွေ့အောင် ဆောင်ရွက်ပေးပြီး ကောင်းမွန်သည့် လူမှုအသိုင်းအဝိုင်းကိုဖော်ဆောင်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် YMBA အသင်းကြီးအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ခွန်အားကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ **လူငယ်လူရွယ်များအနေဖြင့် မူလအခြေခံစိတ်ဓာတ်ကောင်းများရရှိစေရေး၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များရရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အပေါ်တွင်ထားရှိသည့် စိတ်ဓာတ်များကောင်းမွန်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ဆောင်ရွက်ပေးရမည်**ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ကို ထိခိုက်ပျက်စီးစေလိုသည့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်သူများ၊ နိုင်ငံရေးအရ အခွင့်ရေးရောက်သူများ၏ ပယောဂများကြောင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်နေကြသည်ကို စိတ်မကောင်းဖြစ်ဖွယ် တွေ့မြင်ရကြောင်း၊ နိုင်ငံတော်၏အဖိုးတန်မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့်နိုင်ငံတော်တည်ဆောက်ရေးတွင်ပါဝင်မှုမရှိဘဲ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေသည့် လမ်းကြောင်းအမှားပေါ်သို့ ရောက်ရှိနေသည်မှာ နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာပင်ဖြစ်ကြောင်း၊ အဆိုပါလူငယ်များ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရေးဆောင်ရွက်ရန်လိုကြောင်း။

**အမြင်ကျယ်ကျယ်ဖြင့်**
**ဆောင်ရွက်**

လူငယ်များကို ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သည့်လူသားအရင်းအမြစ်များအဖြစ် မွေးထုတ်ပေးရန် လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ဟု ချမှတ်ထားသကဲ့သို့ YMBA အသင်းကြီး၏ ရည်ရွယ်ချက်တွင်လည်း လူငယ်များ၏ ကာယဗလ၊ ဉာဏဗလနှင့် စိတ္တဗလများ ကောင်းမွန်စေရေး ချမှတ်ထားခြင်းဖြစ်သဖြင့် နိုင်ငံကောင်းမွန်ရန်အတွက် တူညီသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **YMBA အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့် ခေါင်းဆောင်များနှင့် ခေတ်အဆက်ဆက် တာဝန်ယူ ထမ်းဆောင်ခဲ့သည့် ခေါင်းဆောင်များအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ခဲ့ကြသကဲ့သို့ ယခုအချိန်တွင်လည်း အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လို**ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး YMBA အသင်းကြီးအနေဖြင့် ဆောင်ရွက်စေလိုကြောင်း။

YMBA အသင်းကြီးအနေဖြင့် အမျိုးသားရေးကို ဦးဆောင်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန် လိုပြီး နိုင်ငံရေးမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်အောင် လှုံ့ဆော်နေသူများ၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်း မဟုတ်ဘဲ တိုင်းပြည်၏ အနာဂတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး တူညီသည့် အခွင့်အရေးများ ပေးထားပြီးဖြစ်သော်လည်းနိုင်ငံရေးကိုသဘောရိုးဖြင့်ဆောင်ရွက်ခဲ့ခြင်း မရှိသောကြောင့် ယခုကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကို ကာကွယ်ရန်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိ ခိုက်ခံမည်မဟုတ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး ပြည်ထောင်စုစိတ်ဓာတ်များ မွေးမြူနိုင်ရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြစ်ပေါ်စေရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံးအနေဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာခံယူချက်ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် ခံယူချက်ကောင်းမွန်သည့်စိတ်ဓာတ်နှင့် ဆောင်ရွက်မှသာလျှင် ရုပ်ပိုင်းဆိုင်ရာများလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**အမျိုးသားရေး**
**အဖွဲ့အစည်းဖြစ်**

ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အာဏာတည်စေခဲ့ပြီး ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး ၃ ပါးကိုကာကွယ်စောင့်ရှောက်ရန် ဖြစ်ကြောင်း၊ YMBA အသင်းကြီးအနေဖြင့်လည်း ဗလငါးတန်ပြည့်ဝအောင်ဆောင်ရွက်ရာတွင် အဆိုပါအချက်ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ YMBA အသင်းကြီးအနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်းက ဘာသာရေးဆိုသည်ထက် နိုင်ငံတော်၏ကောင်းရာကောင်းကျိုးဖြစ်သည့် လူမှုရေးကိုအခြေခံသည့် အမျိုးသားရေးအဖွဲ့အစည်းဖြစ်ပြီး ကာယ၊ ဉာဏ၊ စိတ္တအားများဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ သတ်မှတ်အသက်အပိုင်းအခြား အတွင်းမှ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သင့်တင့် လျောက်ပတ်သည့် အင်အားကိုသာ သတ်မှတ်ကာလ အတွင်း တာဝန်ထမ်းဆောင်ရန် ဖြစ်ပြီး နိုင်ငံအတွက်၊ ပြည်သူ့ အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်ထားသည့် ဥပဒေကို လေ့လာခြင်းမရှိဘဲ အခြေအမြစ်မရှိသည့်သတင်းမှားများ၊ ထင်မြင်သုံးသပ်ချက်များ အပေါ်တွင် အခြေခံ၍ သွေးထိုးလှုံ့ဆော်နေသည်များရှိကြကြောင်း၊ နယ်အသီးသီးရှိ YMBA အသင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မိမိကိုယ်တိုင်လည်း သိရှိနားလည်ရန် လိုအပ်ပြီး ပြည်သူများ အသိအမြင်မှန်များရရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်သူ့ စစ်မှုထမ်းဆောင်ခြင်း၊ အမျိုးသားစစ်မှုထမ်းဆောင်ခြင်းဖြင့် နိုင်ငံသားများအနေဖြင့် အဖွဲ့အစည်းစိတ်ဓာတ်များ (Team Sprit)၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)တို့ဖြင့် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကိုကာကွယ်ရန် ထမ်းဆောင်လိုသည့် စိတ်ဓာတ်သည် မြင့်မြတ်သည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ယခုအခါ စစ်မှုထမ်းဟောင်းများမှ တာဝန်ပြန်လည်ထမ်းဆောင်ရန် ဆန္ဒပြုသူများရှိသကဲ့ စစ်မှုထမ်းမဟုတ်သော်လည်း တပ်မတော်အတွင်းသို့ ပါဝင်ထမ်းဆောင်လိုသည့်အတွက် လာရောက်ဆန္ဒပြုသူများ များပြားစွာရှိနေကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စိတ်ဓာတ်များ လူငယ်များတွင် ရရှိစေရေး YMBA အသင်းကြီး အနေဖြင့် ဆောင်ရွက်ပေးရန် လိုကြောင်း၊ **နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် YMBA အသင်းကြီးသည် လူမှုရေးအဖွဲ့အစည်းများတွင် အရေးပါသည့် အဖွဲ့အစည်းကြီး ဖြစ်သဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ကြရန်လိုပြီး လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကို စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း** ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် YMBA မှ စုဖွဲ့ပေးထားသည့် အဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**◆ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ အမျိုးသားစစ်မှုထမ်းဆောင်ခြင်းဖြင့် နိုင်ငံသားများအနေဖြင့် အဖွဲ့အစည်းစိတ်ဓာတ်များ (Team Sprit)၊ အဖွဲ့အစည်းဖြင့် စည်းစနစ် ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်များ (Team Work)တို့ဖြင့် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များရရှိလာမည်ဖြစ် ၊ နိုင်ငံတော်ကိုကာကွယ်ရန် ထမ်းဆောင်လိုသည့်စိတ်ဓာတ် သည် မြင့်မြတ်သည့် စိတ်ဓာတ်ပင်ဖြစ်**

**တာဝန်ရှိသူများက ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်သူများသတင်းမှန်များ သိရှိရေး၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိအမြင်အမှန်များရရှိပြီး စိုးရိမ်ပူပန်မှုများ မရှိစေရေး၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ လုံခြုံစိတ်ချရမှုရှိစေရေး၊ တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်လူရွယ်များ အခန်းကဏ္ဍ တိုးတက်မြင့်မားစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး ပြည်ထောင်စုစိတ်ဓာတ်များ၊ အမျိုးသားသွေးစည်းညီညွတ်ရေး စိတ်ဓာတ်များ တည်ဆောက်ရေးတို့အတွက် အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ YMBA အသင်းကြီးအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြမှုများနှင့် ပတ်သက်၍ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ၏ ရာသက်ပန် ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံကို ကောင်းမွန်အောင်၊ လုံခြုံစိတ်ချရပြီးတိုးတက်မှုရှိအောင် ပုံဖော်တည်ဆောက်ရာတွင် လူကြီးများသည် ၎င်းတို့ဖြတ်သန်းလာကြသည့် အတွေ့အကြုံများ၊ အသိအမြင်များကို တွန်းအား၊ ဆွဲအားအဖြစ် အသုံးပြုကြရပြီး လူငယ်၊ လူရွယ်များမှ ၎င်းတို့၏ နုပျိုသည့်ခွန်အားများဖြင့် လိုက်ပါဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ ကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူနိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့် စိတ်များ ရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် စုစည်းညီညွတ်သောပေါင်းစည်းစွမ်းအား (Well Organize) ဖြစ်အောင် နိုင်ငံတော်အစိုးရ အနေဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) အနေဖြင့်လည်း အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ စောင့်ရှောက်ရေးနှင့် အမျိုးသားသွေးစည်း ညီညွတ်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**ဓမ္မလက်ဆောင်ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များက ဓမ္မလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် YMBA မှ စုဖွဲ့ပေးထားသည့်အဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦအသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေး

**ဟားခါး ဖေဖော်ဝါရီ ၁၇**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦအသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦအသစ် ရှေ့၌ ကျင်းပသည်။



ဦးစွာ ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦအသစ် တည်ဆောက် ခြင်းနှင့် ပတ်သက်၍ အဆောက်အဦ တာဝန်ယူတည်ဆောက်နေသည့် Power Seven ကုမ္ပဏီတာခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက်ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦအသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနတာဝန်ရှိသူများ၊ ယဉ်ကျေးမှုအကအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦအသစ် ကဗ္ဗည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ကဗ္ဗည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရုံးအဆောက်အဦအသစ်အား လှည့်လည်ကြည့်ရှုသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပမည့်နေရာသို့သွားရောက်ပြီး ဌာနအလိုက်ပြခန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခမ်းအနားစင်မြင့်တည်ဆောက်ထားရှိမှု အခြေအနေနှင့် အခမ်းအနားအစီအစဉ်အလိုက် ဇာတ်တိုက်လေ့ကျင့်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၅) မိုးကောင်းလမ်းရှိ မြန်မာ စီးပွားရေးကော်ပိုရေးရှင်း၊ သတင်းနှင့် မီဒီယာလုပ်ငန်း(မြဝတီ) (MWD Media Centre) ၌ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြ သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ သို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်း video clip ကို ပြသသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။

### စုစုပေါင်း (၁၂)ဆု ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနား သည် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများနှင့် အခမ်းအနားကြီး ဖြစ်မြောက်အောင် ပါဝင်ကူညီပေးခဲ့ကြ သူများကို ဂုဏ်ပြုခြင်းအခမ်းအနားဖြစ် ပါကြောင်း၊ အခမ်းအနားကြီးဖြစ်မြောက် အောင် ဌာနဆိုင်ရာအသီးသီးနှင့် မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိ



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း ရုပ်ရှင်တစ်သက်တာ ဆုရှင် အကယ်ဒမီဒေါ်နွဲ့နွဲ့စန်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

သူများပါဝင်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၇ ခုကို ဖွဲ့စည်းဆောင် ရွက်ခဲ့ကြပါကြောင်း၊ ယခုလို လုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှာ ပါဝင်ကူညီပေးခဲ့ကြသည့်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ထိုအခမ်း အနားကြီးတွင် ရုပ်ရှင်တစ်သက်တာဆု (၃)ဆုနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (၉)ဆု၊ စုစုပေါင်း (၁၂) ဆုကို ချီးမြှင့်ခဲ့ပါကြောင်း၊ ထူးချွန်ဆုများကို ၂၀၂၃ ခုနှစ်အတွင်းမှာ ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၃၅ ကားထဲမှ မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးက အကဲဖြတ်အမှတ်ပေးပုံစံများနှင့် အညီ ရွေးချယ်ခဲ့ကြပါကြောင်း။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ယခင်နှစ်က စတင်ထည့်သွင်းခဲ့သည့် အစီ အစဉ်တစ်ခုဖြစ်သည့် အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆုကို ယခုနှစ်တွင် လည်း ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ်အခမ်းအနားကြီးကို တက်ရောက် ခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင် များနှင့်တကွ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ၊ နိုင်ငံတစ်ဝန်း၌ TV ဖန်သားပြင်ပေါ်မှ ကြည့်ရှုနေကြသည့် သူများအားလုံးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ပေးပွဲအခမ်းအနားသည် နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်ခဲ့သည်ဟု မှတ်ချက် ပြုကြသည်ကို ကြားသိရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

### မြန်မာ့ရုပ်ရှင်လောကတစ်ခေတ်ဆန်းရန်

ထူးချွန်ဆုချီးမြှင့်ခြင်း ခံရသူများအနေ ဖြင့်လည်း ဂုဏ်ယူဝမ်းမြောက်နေသည်ကို တွေ့ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါ ကြောင်း၊ ယခုနှစ် ထူးချွန်ဆုရရှိသူများ ထဲမှာ လူငယ်အနုပညာရှင်များ ပါဝင် လာသည့်အတွက် မြန်မာ့ရုပ်ရှင်လောက တစ်ခေတ်ဆန်းသစ်ရန် အားသစ်လောင်း သည့်အနေအထားမျိုး တွေ့ရပါကြောင်း၊ မျိုးဆက်သစ် အနုပညာရှင်လူငယ်များ အနေဖြင့် အားကျပြီး မြန်မာ့ရုပ်ရှင် လောကကြီး ယခုထက်မက တိုးတက် အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းပေးပါကြောင်း ပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြား သည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကားပြောကြားပြီး ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော် မြင့်ဦးက ဆုရွေးချယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုဆုငွေများချီးမြှင့်

ယင်းနောက် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်း အနားတွင် ပါဝင်ပံ့ပိုးကူညီသူများအား အမှတ်တရဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိသူများ ကို ဂုဏ်ပြုဆုငွေများချီးမြှင့်ကာ ထူးချွန် ဆုရရှိသူများကိုယ်စား ရုပ်ရှင်တစ်သက် တာဆုရှင် အကယ်ဒမီဒေါ်နွဲ့နွဲ့စန်းက ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဦးအေးကျော် မင်းလှမြို့ရှိ ၂၃၀ ကေဗွီ, ၁၀၀ အမ်ဗွီအေ မင်းလှပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက် ပိုင်း) မင်းလှမြို့ရှိ ၂၃၀ ကေဗွီ, ၁၀၀ အမ်ဗွီအေ မင်းလှ ပင်မ ဓာတ်အားခွဲရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားရှိမှု အခြေအနေနှင့် လုပ်ငန်းဆောင် ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်း)ရှိ ၂၃၀ ကေဗွီ, ၁၀၀ အမ်ဗွီအေ မင်းလှ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံ ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှု ကို ရှင်းလင်းတင်ပြရာ ဒုတိယ ဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံရှိ သဘာဝအရင်းအမြစ်များ ကို အသုံးချ၍ နည်းမျိုးစုံဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်၊



ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိပါ ကြောင်း၊ ထရန်စဖော်မာဝန်အား စာရင်းကို အမြဲစိစစ်၍ မှတ်တမ်း ထားရှိရန်၊ ဓာတ်အားလွှတ်ပစ္စည်း များအား ပုံမှန်စစ်ဆေး၍ လိုအပ် ပါက ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း များ ဆောင်ရွက်သွားရန်၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်း တာဝန်များ လစ်ဟင်းမှုမရှိစေရေး လုံခြုံရေးအသိ၊ သတိဖြင့် ဝန်ထမ်း များအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်သွားကြရန် နှင့် ဝန်ထမ်းများ အရည်အသွေး မြှင့်တင်ရေး ဌာနတွင်းလုပ်ငန်းခွင် မပျက်သင်တန်းများ ဖွင့်လှစ်ပို့ချ ပေးရန်၊ Switchgear များအား ပုံမှန်ပြုပြင်ထိန်းသိမ်း၍ ကြံ့ခိုင်မှု ကောင်းမွန်စေရေး ဆောင်ရွက်ရန် မှာကြား၍ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် ဓာတ်အားထိန်းချုပ်ခန်း အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူး ပေးနေမှုနှင့် Switch Yard အတွင်း လက်ရှိ ဓာတ်အားလိုင်းများ၊ ဓာတ်အားလွှတ် ပစ္စည်းများ၏ အခြေအနေနှင့် Switch–Bay အသစ်တိုးချဲ့ တည်ဆောက်နေမှု တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာ . . .

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍ အာဏာတည်သည့်နေ့ရက်အဖြစ်သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။**

မင်းခေါင်

ထုံးစံအတိုင်း ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ပြည်သူလူထုအတွင်း ဝေဝါးအောင်၊ စိုးရိမ်ထိတ်လန့်ကြောက်လန့်မှုဖြစ်အောင် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများ လုပ်ဆောင်လာကြသည်။ လူမှုကွန်ရက်ပေါ်တွင်လည်း ကောလာဟလများဖြန့်ချိ၍ လူငယ်များကို ဆန့်ကျင်ဘက်အဖွဲ့အစည်းများထံ လမ်းမှားရောက်အောင် တွန်းပို့ကြပြန်သည်။

လတ်တလောကာလတွင် ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာပြည်သူများအဖို့ အံ့အားသင့်စရာကိစ္စတစ်ခုဖြစ်သော်လည်း လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ကမ္ဘာ့နိုင်ငံများ၌မူ အထူးအဆန်းကိစ္စတစ်ရပ် မဟုတ်တော့ချေ။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိမည့် ကာကွယ်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြရာ နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာပိုင်စိုးမှု၊ အမျိုးသားလွတ်လပ်ရေး အစွန့်ရှည်စွာခိုင်မြဲမှုနှင့် လုံခြုံမှုအတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု သတ်မှတ်ပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် “နိုင်ငံကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ မြင့်မြတ်သော တာဝန်ဖြစ်သည်။ စစ်မှုထမ်းခြင်းသည် နိုင်ငံသားများအဖို့ ဂုဏ်ယူရသောတာဝန်ဖြစ်သည်”ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင် စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏ သာမန်ဝတ္တရားအဖြစ် ယူဆလာစေရန် အားပေးခဲ့ကြသည်။

**ဆွစ်ဇာလန်နိုင်ငံသား လူငယ်တိုင်းသည် အသက် ၁၈ နှစ်ပြည့်ပြီးသည်နှင့် စစ်မှုထမ်းရန် စာရင်းပေးသွင်းကြရသည်။ ရှေးဦးစွာ မိမိတို့နေထိုင်ရာ ဒေသအလိုက် ကာယသင်တန်းများကို တက်ရောက်ကြရပြီး ယင်းကာယသင်တန်းများ ပြီးဆုံးသွားသောအခါမှ ကာကွယ်ရေးဌာနအောက်ရှိ တပ်သားသစ်လေ့ကျင့်ရေးကျောင်းများတွင် အခြေခံစစ်ပညာကို တက်ရောက်သင်ကြားကြရသည်။ ထို့အတူ နိုင်ငံသားတစ်ဦးသည် ရက်ပေါင်း ၁၀၀ ကျော်ခန့် ရှည်ကြာသော အခြေခံစစ်ပညာသင်တန်းကို ဦးစွာတက်ရောက်ကြရပြီးနောက် နှစ်စဉ် ရက်တိုစစ်မှုထမ်းကြရသည်။ ယင်းစစ်မှုထမ်းကာလများမှာ တိုတောင်းသော်လည်း နိုင်ငံသားတိုင်း စစ်သည်ကောင်းများဖြစ်လာစေရန် အပြင်းအထန်လေ့ကျင့်ပေးသော ကာလများပင်ဖြစ်သည်**

**နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် ပြဋ္ဌာန်းထား**

လက်ရှိကာလတွင် ဂျာမနီ၊ ဩစတြေးလျ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် တူကီယဲ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းထားပြီး နိုင်ငံတော်ကာကွယ်ရေးအစီအစဉ်များကို ဥပဒေနှင့်အညီ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဆွစ်ဇာလန်နိုင်ငံသားတိုင်း စစ်မှုထမ်းရမည်ဟု ပါရှိသည့်အတိုင်း အသက် ၂၀ မှ ၅၀ အတွင်းရှိ ကျန်းမာသန်စွမ်းသော နိုင်ငံသားတိုင်း စစ်မှုထမ်းကြရသည်။ အရာရှိဖြစ်ပါက အသက် ၅၅ နှစ်အထိ စစ်မှုထမ်းရသည်။ စစ်မှုထမ်းနိုင်ရန်လိုအပ်သော အရည်အချင်း မပြည့်စုံသူများသည် ယင်းသို့ စစ်မှုမထမ်းရသည့်အတွက် အခွန်ပိုပေးဆောင်ကြရသည်။ အမျိုးသမီးများအနေဖြင့်လည်း အသက် ၂၀ မှ ၄၀ အတွင်း မိမိတို့ဆန္ဒအလျောက် စစ်မှုထမ်းလိုပါက လက်နက်တပ်ဆင်မထားသော အမျိုးသမီးအရန်တပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းနိုင်သည်။

**ဆွစ်ဇာလန်နိုင်ငံသား လူငယ်တိုင်းသည် အသက် ၁၈ နှစ်ပြည့်ပြီးသည်နှင့် စစ်မှုထမ်းရန် စာရင်းပေးသွင်းကြရသည်။ ရှေးဦးစွာ မိမိတို့နေထိုင်ရာဒေသအလိုက် ကာယသင်တန်းများကို တက်ရောက်ကြရပြီး ယင်းကာယသင်တန်းများ ပြီးဆုံးသွားသောအခါမှ ကာကွယ်ရေးဌာနအောက်ရှိ တပ်သားသစ်လေ့ကျင့်ရေးကျောင်းများတွင် အခြေခံစစ်ပညာကို တက်ရောက်သင်ကြားကြရသည်။ ထို့အတူ နိုင်ငံသားတစ်ဦးသည် ရက်ပေါင်း ၁၀၀ ကျော်ခန့် ရှည်ကြာသော အခြေခံစစ်ပညာသင်တန်းကို ဦးစွာတက်ရောက်ကြရပြီးနောက် နှစ်စဉ် ရက်တိုစစ်မှုထမ်းကြရသည်။ ယင်းစစ်မှုထမ်းကာလများမှာ တိုတောင်းသော်လည်း နိုင်ငံသားတိုင်း စစ်သည်ကောင်းများဖြစ်လာစေရန် အပြင်းအထန် လေ့ကျင့်ပေးသောကာလများပင်ဖြစ်သည်။**

ဆွစ်ဇာလန်နိုင်ငံသားတိုင်း ပါဝင်လျက်ရှိသော တပ်မတော်ဖြစ်သောကြောင့် ဆွစ်ဇာလန်တပ်မတော်ကို နိုင်ငံသားတပ်မတော် (Citizen Army)ဟုခေါ်ဆိုကြသည်။ နိုင်ငံသားတပ်မတော်မှာ အမြဲတမ်းတပ်မတော် မဟုတ်သောကြောင့် လေ့ကျင့်ရေးတပ်မကြီးတစ်ခုသာ ထားရှိသည်။ ဆွစ်ဇာလန်နိုင်ငံသည် လွန်ခဲ့သောရာစုနှစ် လေးခုမှစ၍ ယနေ့တိုင် ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သောနိုင်ငံဖြစ်သော်လည်း စစ်သွေးစစ်မာန်ကင်းမဲ့သော နိုင်ငံမျိုးမဟုတ်ချေ။

ဒုတိယကမ္ဘာစစ်အတွင်း မိမိ၏ ကြားနေရေးနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန် ဆွစ်တပ်မတော်ကို လက်နက်ကောင်းများ အပြည့်အစုံတပ်ဆင်ခဲ့ပြီး ဆွစ်လူငယ်လူရွယ်တိုင်းသည် လက်နက်စွဲကိုင်ကာ စစ်ပြီးဆုံးချိန်ရောက်သည်အထိ အမိနိုင်ငံ၏ နယ်စပ်တစ်လျှောက်တွင် သွားရောက်နေခဲ့ကြရသည်။

**နှစ်ရက်အတွင်း စုစည်းနိုင်**

ဆွစ်ဇာလန်နိုင်ငံတစ်နိုင်ငံလုံး၏ မျိုးချစ်စိတ်ဓာတ်ရင့်သန်မှု၊ ရှည်ကြာသောစစ်ရေး အစဉ်အလာရှိမှုနှင့် အလယ်ခေတ်ကာလကတည်းက အစဉ်တစိုက်တည်ရှိခဲ့သော စစ်မှုမထမ်းမနေရ ဥပဒေတို့ကြောင့် ဆွစ်ဇာလန်နိုင်ငံသည်ပင် တပ်မတော်အဖွဲ့အစည်းတစ်ရပ်ပမာ ဖြစ်တည်လာခဲ့သည်။ တပ်မတော်ကြီးကို တိုတောင်းသောကာလအတွင်း အလျင်အမြန် စုစည်းနိုင်သည်။ ဆွစ်ဇာလန်တပ်မတော်၏ တစ်စိတ်တစ်ဒေသကို နာရီပိုင်းအတွင်း စုစည်းနိုင်ပြီး ကျန်တပ်မတော်ကြီးတစ်ရပ်လုံးကို နှစ်ရက်အတွင်း စုစည်းနိုင်သည်ဟု ဆိုသည်။

ဆွီဒင်နိုင်ငံတွင်လည်း နိုင်ငံလုံးဆိုင်ရာ စစ်မှုထမ်းရေးမူဖြင့် အသက် ၁၈ နှစ်မှ ၄၇ နှစ်အတွင်းရှိ ကျန်းမာသန်စွမ်းသော နိုင်ငံသားတိုင်း စစ်မှုထမ်းကြရသည်။ စစ်မှုမထမ်းမနေရကာလမှာ တပ်သားများအတွက် ၁၀ လ ဖြစ်ပြီး အရာရှိများအတွက် ၁၈ လ ဖြစ်သည်။ တပ်သားသစ်များအတွက် လေ့ကျင့်ရေးကာလမှာ ၃၉၄ ရက် ဖြစ်သည်။ အပျော်တမ်း ကာကွယ်ရေးတပ်ဖွဲ့များလည်းရှိပြီး နိုင်ငံသား ရှစ်ဦးတွင် တစ်ဦးသည် အပျော်တမ်းတပ်ဖွဲ့တွင် ပါဝင်နေသည်။ မြို့ပြကာကွယ်ရေးအတွက်မူ အသက် ၁၆ နှစ်မှ ၆၅ နှစ်အတွင်း လူတိုင်း မြို့ပြကာကွယ်ရေးသင်တန်း တက်ရောက်ကြရသည်။

**“အစ္စရေးနိုင်ငံ၏ အရန်တပ်များကို နယ်မြေအခြေခံဖြင့် ဖွဲ့စည်းထားသည်။ နယ်မြေအရန်တပ်ဖွဲ့တစ်ခုတွင် ကိုယ်ပိုင်လက်နက်ခဲယမ်းတိုက်ရှိသည်။ စစ်စည်းရုံးမှုကို မကြာခဏ လက်တွေ့လေ့ကျင့်သည်။ တပ်ဖွဲ့များသည် လက်နက်အပြည့်အစုံ တပ်ဆင်ပြီး စစ်ဆင်ရေးစီမံချက်နှင့်အညီ မူလဆင့်ခေါ်ခံရချိန်မှ ၂၄ နာရီနှင့် ၇၂ နာရီအတွင်း ချီတက်လှုပ်ရှားနိုင်သည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်ပို့ဆောင်ရေးယာဉ်များလည်း ဖွဲ့စည်းပြီး ပို့ဆောင်ရေးတာဝန်ယူရသည်။ အမျိုးသားများသည် အသက် ၅၉ နှစ်အရွယ်အထိ လည်းကောင်း၊ ကလေးမရှိသောအမျိုးသမီးများသည် အသက် ၃၄ နှစ် အရွယ်အထိလည်းကောင်း၊ အရန်တပ်တွင် တစ်နှစ်လျှင် ၁၄ ရက်မှ ၃၁ ရက်အထိ ဆက်တိုက်စစ်မှုထမ်းရန်တာဝန်ရှိသည်။ အသက် ၅၉ နှစ် ကျော်သော အမျိုးသားများသည် အရန်တပ်တွင် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရသည်။ သို့ရာတွင် မြို့ပြကာကွယ်ရေးတွင် လုပ်အားပေးနိုင်သည်”**

အစ္စရေးနိုင်ငံသည် စစ်မှုထမ်းဥပဒေကို ၁၉၄၉ ခုနှစ် ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့ပြီး အမြဲတမ်းတပ်မတော်တည်ထောင်ခဲ့သည်။ အသက် ၁၈ နှစ်နှင့် ၂၆ နှစ်အတွင်းရှိ အမျိုးသားများသည် နှစ်နှစ်နှင့် ခြောက်လ စစ်မှုထမ်းရပြီး အသက် ၂၇ နှစ်နှင့် ၂၉ နှစ်အတွင်းရှိ အမျိုးသားများသည် နှစ်နှစ် စစ်မှုထမ်းရသည်။ အမျိုးသမီးများမှာလည်း စစ်မှုမထမ်းမနေရဥပဒေအရ နှစ်နှစ် စစ်မှုထမ်းကြရသည်။ အရာရှိများမှအပ အမျိုးသမီးစစ်သည်များသည် အသက် ၁၈ နှစ်နှင့် ၂၀ နှစ်အတွင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးသည် ယင်းအသက်ထက်စော၍ အိမ်ထောင်ပြုလျှင်လည်း စစ်မှုထမ်းရန် ဆင့်ခေါ်ခံရသည်သာဖြစ်သည်။ အခြေခံစစ်ပညာသင်ယူပြီးလျှင် ယင်းအမျိုးသမီးအား အရန်တပ်ဖွဲ့ထဲသို့ ထည့်သွင်းသည်။

**နယ်မြေအခြေခံဖြင့် ဖွဲ့စည်းထား**

**အစ္စရေးနိုင်ငံ၏ အရန်တပ်များကို နယ်မြေအခြေခံဖြင့် ဖွဲ့စည်းထားသည်။ နယ်မြေအရန်တပ်ဖွဲ့တစ်ခုတွင် ကိုယ်ပိုင်လက်နက်ခဲယမ်းတိုက်ရှိသည်။ စစ်စည်းရုံးမှုကို မကြာခဏ လက်တွေ့လေ့ကျင့်သည်။ တပ်ဖွဲ့များသည် လက်နက်အပြည့်အစုံ တပ်ဆင်ပြီး စစ်ဆင်ရေးစီမံချက်နှင့်အညီ မူလဆင့်ခေါ်ခံရချိန်မှ ၂၄ နာရီနှင့် ၇၂ နာရီအတွင်း ချီတက်လှုပ်ရှားနိုင်သည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်ပို့ဆောင်ရေးယာဉ်များလည်း ဖွဲ့စည်းပြီး ပို့ဆောင်ရေးတာဝန်ယူရသည်။ အမျိုးသားများသည် အသက် ၅၉ နှစ်အရွယ်အထိ လည်းကောင်း၊ ကလေးမရှိသောအမျိုးသမီးများသည် အသက် ၃၄ နှစ် အရွယ်အထိလည်းကောင်း၊ အရန်တပ်တွင် တစ်နှစ်လျှင် ၁၄ ရက်မှ ၃၁ ရက်အထိ ဆက်တိုက် စစ်မှုထမ်းရန်တာဝန်ရှိသည်။ အသက် ၅၉ နှစ်ကျော်သော အမျိုးသားများသည် အရန်တပ်တွင် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရသည်။ သို့ရာတွင် မြို့ပြကာကွယ်ရေးတွင် လုပ်အားပေးနိုင်သည်။**

အစ္စရေးကာကွယ်ရေး အင်အားစုသည် ဖွဲ့စည်းမှု၊ စည်းကမ်းကျနမှု၊ ညီညွတ်မှု၊ တိုက်ခိုက်ရေးစိတ်ဓာတ်နှင့် အခြားရွေးချယ်စရာမရှိဟူသော အသိတို့တွင် အိမ်နီးချင်းနိုင်ငံများ၏ တပ်မတော်များထက် အားသာသည်ဟုဆိုသည်။ အခြားရွေးချယ်စရာမရှိဟူသောစကား၏ အဓိပ္ပာယ်မှာ စစ်နိုင်လျှင်နိုင်၊ မနိုင်လျှင် နိုင်ငံသားတစ်ဦးချင်းရော နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးပါ လွင့်စဉ်ပျောက်ကွယ်သွားမည်ဟူ၍ ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များပြဋ္ဌာန်းချက် ပုဒ်မ ၃၈၅ တွင် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်” ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် “နိုင်ငံသားတိုင်းသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

ယခု ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း(၈)ခန်းပါရှိပြီး အခန်း(၁)တွင် အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)တွင် ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် *စာမျက်နှာ ၇ သို့*

# ချောင်းဆုံမြို့နယ်၌ ဆီထွက်သီးနှံ ၃၄၁၆ ဧကနှင့် ဆောင်းသီးနှံ ၈၅၄၈ ဧက စိုက်ပျိုးနိုင်

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၇**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အဖွဲ့ဝင်များသည် ချောင်းဆုံမြို့နယ်ရှိ ဆောင်းသီးနှံ စိုက်ပျိုးသည့် တောင်သူများ ဆီထွက်သီးနှံနေကြာ ပိုမိုတိုးချဲ့စိုက်ပျိုး၍ ဒေသတွင်းစားသုံးဆီဖူလုံရန်နှင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းဝင်ငွေတိုးစေရန် အတွက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကုလာဘီးကျေးရွာရှိ နေကြာစိုက်တောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က ချောင်းဆုံမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံ ၃၂၇၆ ဧကနှင့် ဆောင်းသီးနှံ စုစုပေါင်း ဧက ၇၇၃၀ စိုက်ပျိုးရန် လျာထားခဲ့သော်လည်း ဆီထွက်သီးနှံ ၃၄၁၆ ဧကနှင့် ဆောင်းသီးနှံ စုစုပေါင်း ၈၅၄၈ ဧကအထိ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြပြီး နောက် တောင်သူများက လုပ်ငန်းခွင်လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နတ်မော်ကျေးရွာတွင် စိုက်ပျိုးထားသည့် ပိုက်ဆံလျှော်(သစ်စိမ်း) သဘာဝမြေသြဇာမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**မြို့နယ်များ၌ ယနေ့နံနက်ပိုင်းကစ၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အများပြည်သူ ရှင်းလင်းစွာ သိရှိနားလည်နိုင်ရေး သက်ဆိုင်ရာဌာနများ ဦးဆောင်ကာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပေးနေမှုများအား စုစည်းဖော်ပြအပ်ပါသည်။**

## ငဖဲ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ပြည်သူအများ ပြည်သူ့စစ်မှုထမ်းဥပဒေ အကြောင်းအရာများကို ပြည့်ပြည့်စုံစုံသိရှိစေရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးက ပြည်သူ့စစ်မှုထမ်းဥပဒေ အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးမျိုးကိုကိုဟိန်းက ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

## တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးသက်ခိုင်ထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကျော်စိုးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ မြို့နယ်အဆင့်ကော်မတီများ၊ ရပ်ကွက်/ကျေးရွာအဆင့်ကော်မတီများ ဖွဲ့စည်းသွားမည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းအရင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ခရိုင်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မြင့်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရရှိသူများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ပြောကြားသည်။

ယင်းနောက် မြို့နယ်ဥပဒေအရာရှိ ဦးငြိမ်းချမ်းထွန်းက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် ဥပဒေပါ အဓိပ္ပာယ်ဖော်ပြချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားသည်။

**လှဝင်း**



**မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲ မြို့နယ်ခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်စိမ်းနုဝေတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ ရှင်းလင်းဆွေးနွေးစဉ်။** ခန့်ဝင်း(ဆင်ပေါင်ဝဲ)

*စာမျက်နှာ ၆ မှ*

ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ အခန်း(၅)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၆)တွင် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ အခန်း(၇)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း(၈)တွင် အထွေထွေ ဟူ၍ ဖော်ပြပါရှိသည်။

အခန်း(၁)တွင် အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း၊ ကျွမ်းကျင်သူအမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၄၅ နှစ် မပြည့်သေးသူများ၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသူ နိုင်ငံသားတိုင်းကို စစ်မှုထမ်းရမည့် အသက်အရွယ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဆိုသည်။ စစ်မှုထမ်းဆောင်ရမည့် ကာလမှာ ၂၄ လ (နှစ်နှစ်) ဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များအနေဖြင့်မူ ၃၆ လ (သုံးနှစ်) ဖြစ်သည်။ နိုင်ငံတော်တွင် အရေးပေါ် အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို ၅ နှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်ကြောင်း သိရသည်။

### နိုင်ငံသားတစ်ဦး၏သာမန်ဝတ္တရား

လတ်တလောကာလတွင် မြန်မာနိုင်ငံသားများအဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သို့လော သို့လော စဉ်းစားတွေးတောစရာဖြစ်ကြရသော်လည်း အမှန်တကယ် လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်သည့်အခါ အချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများနည်းတူ စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏သာမန်ဝတ္တရားအဖြစ် ရှုမြင်လာကြမည်ဖြစ်သည်။

အတိတ်ကာလ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း မျိုးချစ်စိတ်ရှိသူ နိုင်ငံသားများသည် စစ်မှုထမ်းရန် အထူးဆင့်ခေါ်စရာမလိုဘဲ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ကြသည်။ BIA တပ်မတော်ကြီး စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) အမှူးပြုသော ဗိုလ်လကျာ်၊ ဗိုလ်စောနောင်နှင့် ဗိုလ်မင်းခေါင်တို့ ရဲဘော်သုံးကျိပ်ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သွားဘက်ဆိုင်ရာ ဆရာဝန် ဦးလွန်းဖေအိမ်တွင် အစည်းအဝေးပြုလုပ်ပြီး ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)က **"နယ်ချဲ့အင်္ဂလိပ်အစိုးရကို ကျွန်တော်တို့ တိုက်ရမယ်။ တိုက်နိုင်အောင်လည်း ယခု ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့ဖို့ စည်းဝေးတာပဲ။ ဒီတော့ ကိုယ့်တိုင်းပြည်အတွက် စွန့်စွံသူအဖြစ်ဂုဏ်ယူပြီး တိုက်ပွဲဝင်ကြမလား"**ဟု ပြောကြားရာ တက်ရောက်လာကြသူများက **"တိုက်မယ်၊ ဝင်မယ်"**ဟူ၍ ညာသံပေးကာ တစ်ထိုင်တည်းပင် လူငယ်လူရွယ် ၇၀ ကျော်တို့က BIA တပ်မတော်သို့ ဝင်ရောက်ရန် စာရင်းပေးသွင်းခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)က **"ကျွန်တော်တို့လည်း အလောင်းဘုရားထုံးကိုနှလုံးမူပြီး တိုင်းပြည်အတွက် အသက်သေသေ စွန့်ကြမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ အားလုံးလက်မောင်းသွေးသောက်ကြပါစို့"**ဟူ၍ ဖိတ်ခေါ်ခဲ့ရာ လူငယ်လူရွယ်များသာမက အသက် ၅၀ ကျော်အရွယ်လူကြီးများပင် စာရင်းထပ်မံပေးသွင်းခဲ့ကြရာ ၁၀၀ ကျော် ၂၀၀ ခန့်ပင် ရှိခဲ့သည်။

ဗန်ကောက်တွင် အင်အား ၂၀၀ ခန့်ဖြင့် စတင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)သည် မြန်မာနိုင်ငံအတွင်းသို့ ထားဝယ်စစ်ကြောင်း၊ မော်လမြိုင်စစ်ကြောင်း အပါအဝင် စစ်ကြောင်းကြီးများဖြင့် ချီတက်ဝင်ရောက်လာသောအခါတွင်မူ မြို့ရွာအသီးသီးမှ မျိုးချစ်စိတ်ရှိသူ ပြည်သူအပေါင်းသည် အိုးပစ်အိမ်ပစ်၊ သားပစ်မယားပစ်ဖြင့် BIA တပ်မတော်အတွင်း ဝင်ရောက်ခဲ့ကြရာ ခြောက်လ၊ ခုနစ်လအတွင်း အင်အား ငါးသောင်းအထိ ရှိလာသည်။

နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်သည့်အခါတွင် ဖက်ဆစ်ဂျပန်တို့က BIA ၏ အင်အားကို စိုးရိမ်တကြီးဖြစ်လာခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) အဖြစ် အမည်ပြောင်းလဲကာ အင်အားကိုလျှော့ချခဲ့ကြသည်။ သို့သော် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် မြန်မာပြည်သူများသည် ဗမာ့တပ်မတော်နှင့် ပူးပေါင်းကာ ဖက်ဆစ်ဂျပန်ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုကာလတွင်လည်း ဆေးကျောင်းသားများသည် ပြည်ထောင်စုအလံတော် မယိုင်လဲအောင် အင်းစိန်တိုက်ပွဲတွင် တပ်မတော်နှင့်အတူ လက်တွဲပါဝင်တိုက်ခိုက်ခဲ့ကြသည်။

### အရေးကြီးလျှင် သွေးစည်းခဲ့ကြ

ဤသို့ဖြင့် မြန်မာနိုင်ငံသားများသည် အရေးကြီးလျှင် သွေးစည်းခဲ့ကြသည်။ အရေးကြုံလျှင် သွေးဆုံခဲ့ကြသည်။ ယခု ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာလည်း လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေမဟုတ်ပေ။ အထက်ဖော်ပြပါ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသည်နှင့်အညီ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း အသိပေး ရေးသားတင်ပြလိုက်ရပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအားတွေ့ဆုံစဉ် တိုင်းပြည်၏ အနာဂတ်ဖြစ်သည့် လူငယ်၊ လူရွယ်များနှင့် ပတ်သက်၍ နိုင်ငံတော်နှင့်နိုင်ငံ့အကြီးအကဲ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့်ပတ်သက်ပြီး ပြောကြားခဲ့မှု၊ ပြည်သူ့စစ်မှုထမ်းစနစ်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ YMBA အသင်းရဲ့ အလုပ်အမှုဆောင်အဖွဲ့နဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံခဲ့တဲ့နေရာမှာ ကျွန်တော်တို့ လူငယ်တွေနဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ မျှော်မှန်းချက် ရည်မှန်းချက်၊ နိုင်ငံတော်ရဲ့ မျှော်မှန်းချက် ရည်မှန်းချက်နဲ့ ပတ်သက်ပြီး အသေးစိတ်ပြောပြခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် လူမှုရေး ဦးတည်ချက်တွေမှာ လူငယ်လူရွယ်များကို ဗလ ငါးတန်ဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂတွေနဲ့ ပြည့်စုံတဲ့ လူငယ်တွေ မွေးထုတ်ပေးနိုင်ဖို့၊ လေ့ကျင့်ပေးနိုင်ဖို့ ဦးတည်ချက်ပါတယ်ဆိုတာကို အသေးစိတ်ပြောပြခဲ့ပါတယ်။ လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ပါပဲလို့ လူငယ်တိုင်း လူငယ်တိုင်းသည် တိုင်းပြည်ရဲ့ အနာဂတ်ပဲဖြစ်ပါတယ်။ ယနေ့လူငယ် နောင်လူကြီးဆိုတဲ့ စကားအတိုင်း တိုင်းပြည်ကိုတစ်ချိန်မှာ ကျွန်တော်တို့ရဲ့လူငယ်တွေက ဦးဆောင်သွားရမှာဖြစ်ပါတယ်။

ဒီလူငယ်တွေဟာ လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေ၊ ပထဝီနိုင်ငံရေး အခြေအနေတွေအရသည် လူငယ်တွေသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ပြည့်ဝနေဖို့ အရေးကြီးပါတယ်။ ဒီလို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ပြည့်ဝနေတဲ့အပြင် ဒီလူငယ်တွေသည် နိုင်ငံတကာက လေးစားခန့်ညားရတဲ့ လူငယ်တွေ၊ စွမ်းအင်ရှိတဲ့ လူငယ်တွေ ဖြစ်ဖို့လိုပါတယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ လူငယ်တွေကို မိမိနိုင်ငံကိုမိမိ ဘယ်လိုကာကွယ်စောင့်ရှောက်မလဲ၊ မိမိလူမျိုးကိုမိမိ ဘယ်လိုစောင့်ရှောက်မလဲဆိုတဲ့ အသိပညာများပေးဖို့ လိုအပ်ပါတယ်။ ဒီလိုလိုအပ်တဲ့အတွက်လည်း ပြည်သူ့စစ်မှုထမ်းစနစ် တစ်နည်းအားဖြင့် အမျိုးသားစစ်မှုထမ်းစနစ်ကို စတင်ကျင့်သုံးရခြင်းပဲဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းစနစ် အမျိုးသားစစ်မှုထမ်းစနစ်ဆိုတာ ကျွန်တော်တို့နိုင်ငံတစ်နိုင်ငံတည်းမှာ ကျင့်သုံးနေတာ မဟုတ်ပါဘူး။ ကမ္ဘာ့နိုင်ငံအများစုမှာ ဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ လက်တွေ့ကျင့်သုံးတဲ့နိုင်ငံ၊ လက်တွေ့ မကျင့်သုံးတဲ့နိုင်ငံ၊ တစ်စိတ်တစ်ပိုင်းပဲ ကျင့်သုံးတဲ့နိုင်ငံ၊ အချိန်ပိုင်းပဲကျင့်သုံးတဲ့နိုင်ငံ ဒီလိုမျိုးကွဲခြားချက်တွေနဲ့ရှိပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့ နေရာမှာလည်း ကျွန်တော်ယခင်ကလည်း ပြောခဲ့ပြီး ဖြစ်ပါတယ်။ ဒီလူငယ်လူရွယ်တိုင်း အကျိုးဝင်တဲ့ လူငယ်လူရွယ်တိုင်းသည် ပြည်ဖျက်မီဒီယာများ၊ EAO အချို့သော ဖောက်ပြန်တဲ့ EAO အဖွဲ့များ၊ သောင်းကျန်းသူအဖွဲ့များ၊ အကြမ်းဖက်အဖွဲ့များက လူငယ်လူရွယ်များကို လမ်းမှားရောက်အောင် ချောက်တွန်းနေသလို အားလုံးသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရမှာ မဟုတ်ပါဘူး။ အလှည့်ကျပဲ ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့ပြီးသလိုပဲ လူ ၂၀၀ မှာ တစ်ယောက်တောင် ထမ်းဆောင်နိုင်ဖို့ နိုင်ငံတော်တာဝန် ကာကွယ်ရေးတာဝန်ကို တစ်နှစ်မှာ လူ ၂၀၀ မှာ တစ်ယောက်ထမ်းဆောင်နိုင်ဖို့ ခဲယဉ်းပါတယ်။

ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်တဲ့နေရာမှာ သတ်မှတ်ထားတဲ့ လစာနှုန်းထား၊ ရိက္ခာ၊ ခံစားခွင့် အားလုံးပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့လည်း မိမိရဲ့ ဝန်နဲ့ အားနဲ့ညီမျှအောင် ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆောင်ရွက်သွားမှာ ဖြစ်တယ်ဆိုတာလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ စနစ်တကျကောင်းမွန်တဲ့လေ့ကျင့်မှု (Well Train)၊ စနစ်တကျကောင်းမွန်တဲ့စုဖွဲ့မှု (Well Organization)၊ စနစ်တကျ ကောင်းမွန်တဲ့ပြင်ဆင်မှု (Well Preparing) ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ပိုင်းဆိုင်ရာ၊ ခံယူချက်ပိုင်းဆိုင်ရာ ယုံကြည်ပြည့်ဝစေဖို့ ဆောင်ရွက်မှာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့အတွက် စစ်နည်းပညာရပ်တွေ၊ ကာကွယ်ရေးပညာရပ်တွေ သင်ကြားပေးခြင်းဖြင့် လူငယ်များအား မိမိကိုယ်ကိုယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်၊ မိမိနိုင်ငံအပေါ်ယုံကြည်စိတ်၊ မိမိလူမျိုးအပေါ်ယုံကြည်စိတ်တွေ တိုးမြင့်လာမှာဖြစ်ပါတယ်။

ဒီယုံကြည်စိတ်၊ ယုံကြည်မှုဟာ သိပ်ကိုအရေးပါတဲ့ အခန်းကဏ္ဍကပါဝင်ပါတယ်။ ယုံကြည်မှုသည် ရဲစွမ်းသတ္တိဖြစ်ပါတယ်။ လူငယ်များအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်တွေကို သင်ကြားတတ်မြောက်ခြင်းအားဖြင့် မိမိတို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ ယုံကြည်မှုရဲစွမ်းသတ္တိအပြည့်နဲ့ လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြောချင်တာက တစ်နှစ်တွင် လူ ၂၀၀ မှာ တစ်ယောက် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်ဖို့ ရွေးချယ်ခွင့်ရရှိဖို့ ဖြစ်နိုင်မှာဖြစ်ပါတယ်။ ခုနကပြောသလို ယုံကြည်မှုသည် ရဲစွမ်းသတ္တိ Believable Courage ဖြစ်တယ်။ ဒါ့ကြောင့် ဘဝတစ်လျှောက်လုံးမှာ မိမိနိုင်ငံကို ကာကွယ်နိုင်တဲ့ ယုံကြည်မှု၊ မိမိကိုယ်ကို ကာကွယ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှု၊ မိမိ မိသားစုကို ကာကွယ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှု၊ မိမိလူမျိုးကို ကာကွယ်နိုင်တယ်ဆိုတဲ့ယုံကြည်မှုအပြည့်နဲ့ လျှောက်လှမ်းနိုင်ဖို့အတွက် နိုင်ငံတော်ကာကွယ်ရေးပညာကို သင်ကြားနိုင်ဖို့ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



မိုးကုတ်မြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်းများကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးနိုင်မိုးနှင့် တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ကျင်းပသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နော်အယ်နီးထာစိုးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား သတ်မှတ်ထားမှုနှင့် စစ်မှုထမ်းဆောင်ရန် အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် အချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။



လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

### PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် လုပ်သားများစေလွှတ်လျက်ရှိ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် လုပ်သားခေါ်ယူမှုခွဲတမ်းအနေဖြင့် ၁၁၀၀၀ ခန့် ရွေးချယ်ခေါ်ယူစေလွှတ်သွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းအိမ်ရာ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

**အလုပ်သမားသက်သေခံကတ် ထုတ်ပေးရေးကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း၌ ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအား တွေ့ဆုံအားပေးစကားပြောကြား၍ (ယာပုံ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်မည့် မြန်မာနိုင်ငံသားများအတွက် E-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic Data)ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူခြင်းလုပ်ငန်းနှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ထုတ်ပေးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားဌာနစုတွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများနှင့် မိမိအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် OWIC ကတ် ထုတ်ပေးခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများမှ ခွင့်ပြန်အလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ OWIC ကတ်ထုတ်ပေးရေးဌာနတွင် OWIC ကတ် စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

**လုပ်သားများ စေလွှတ်လျက်ရှိ**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် လုပ်သားများ စေလွှတ်လျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများသို့ ၁၀၆၁၁ ဦး စေလွှတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် လုပ်သားခေါ်ယူမှုခွဲတမ်းအနေဖြင့် ၁၁၀၀၀ ခန့် ရွေးချယ်ခေါ်ယူစေလွှတ်သွားမည်ဖြစ်ပြီး ဆက်လက်၍ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရန်နှင့် လုပ်သားများ ပိုမိုစေလွှတ်နိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**အလုပ်အကိုင်လမ်းညွှန်သင်တန်းများဖွင့်**

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်နှင့် မန္တလေး)တို့တွင် သင်တန်းသား ကျား ၃၁၉၃၃၂ ဦး၊ မ ၁၂၅၅၉၆ ဦး စုစုပေါင်း ၄၄၄၉၂၈ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီးသို့ သွားရောက်၍ ပြင်ပလူနာဌာန၊ အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်း ဝန်ဆောင်မှုပေးလျက်ရှိမှုနှင့် အလုပ်သမားဆေးရုံကြီး၌ Ward အားလုံး ဖွင့်လှစ်နိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**အားကိုးအားထားပြုရသည့် ဌာနဖြစ်စေရန်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်၊ တစ်လလျှင် ကျောက်ကပ်ဆေးလူနာ ၅၀ ခန့် ဆေးကြောကုသပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလုပ်သမားဆေးရုံကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်မြို့တွင်းနှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့တွင်းနှင့် ဒလမြို့တို့ကို ဆက်သွယ်သည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**ဦးစားပေးအလိုက် ဆောင်ရွက်နေ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်ဘက်ခြမ်းရှိ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်း Consultant Engineer Mr. Bae က စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်း ဦးစားပေးအလိုက် ရည်မှန်းချက်ထား ဆောင်ရွက်နေသည့်အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်ကြော သတ်မှတ်ခြင်းနှင့် Safety Facilities လိုအပ်ချက်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သွယ်တန်းလိုသည့် ၀ ဒသမ ၅ မီတာ အချင်းရှိသော သောက်သုံးရေ ဂျီးဖြူပိုက်လိုင်း သွယ်တန်းဆောင်ရွက်မည့် အခြေအနေ၊ ဒလဘက်ခြမ်းတွင် Toll Plaza တည်ဆောက်ရန် မြေနေရာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ဘေးအန္တရာယ်ကင်းရှင်းရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ စီမံကိန်းတွင် တည်ဆောက်ရေး ပစ္စည်းများ မှန်ကန်စွာအသုံးပြုရေး၊ လုပ်သားများကျွမ်းကျင်မှုရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းဆိုင်ရာ အကြံပေးအဖွဲ့များ၊ စီမံကိန်းလုပ်ငန်းများ အချိန်မီအောင်မြင်စွာပြီးစီးရေး ဦးစားပေးလုပ်ငန်းအလိုက် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု၊ ဆင်ခြေလျှောတံတား ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

**သင်္ဘောများ အန္တရာယ်ကင်းရေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒလဘက်ခြမ်းသို့ ရေယာဉ်ဖြင့်သွားရောက်၍ Toll Plaza ဆောက်လုပ်မည့်နေရာ၊ ချဉ်းကပ်တံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရေကြောင်းသွားလာသည့် သင်္ဘောများ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပေးအချက်ပြများ၊ အမှတ်အသားများ ဆောင်ရွက်ထားရန် မှာကြားသည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကြီးကို နိုင်ငံတကာတံတား သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တံတားပုံစံထုတ်လုပ်ရာ၌ ရန်ကုန်မြို့တွင်းသို့ ဝင်၊ ထွက်သွားလာမည့် တန်ချိန် ၁၅၀၀၀ ရှိသည့် ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းနိုင်ရေးအတွက် ပင်မတံတား ရေလမ်းကင်းလွတ်အမြင့်ကို ၄၉ မီတာအထိ ထားရှိခဲ့ရသဖြင့် ဆင်ခြေလျှောတံတား (Ramp Bridges) များကို အတက်၊ အဆင်း(Gradient) ပြေပြစ်စေရေးနှင့် ကမ်းနားလမ်းဈေးဆိုင်ခန်းများ၊ အဆောက်အအုံများဖယ်ရှားမှု အနည်းဆုံးဖြစ်စေရေးအတွက် ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတား အရှည်တို့ကို တွက်ချက်ဆောင်ရွက်ခဲ့သည်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားသည် မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး တံတားများအနက် ရေလမ်းကင်းလွတ်အမြင့် အများဆုံးဖြစ်ပြီး တံတားကြမ်းခင်းအမြင့်ဆုံး တံတားတစ်စင်းဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပင်မတံတားနှင့် ချဉ်းကပ်တံတားတို့တွင် တစ်နာရီ ၅၀ ကီလိုမီတာနှုန်းနှင့် ဆင်ခြေလျှောတံတားများတွင် တစ်နာရီ ၃၀ ကီလိုမီတာနှုန်းတို့ဖြင့် မောင်းနှင်နိုင်ရန် ဒီဇိုင်းပုံစံထုတ်၍ တည်ဆောက်ထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့နှင့် ပဲခူးမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မေခပန်းခြံ၌လည်းကောင်း၊ မိုးညှင်းမြို့ မြို့မစုပေါင်းရုံးရှေ့ကွင်း၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ်(၅)ရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌ လည်းကောင်း ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက “ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကို ကာကွယ်ဖို့ တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်” စသည့်ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


မြစ်ကြီးနားမြို့


မိုးညှင်းမြို့


ပဲခူးမြို့

## စစ်မှုထမ်းဆောင်ရန်အတွက် ရွှေဘို - မြစ်ကြီးနားကားလမ်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကိုစစ်ဆေးမှုများပြုလုပ်၍ ဖမ်းဆီးနေကြောင်းနှင့် မုံရွာမြို့ပေါ် ရပ်ကွက်များ၊ စက်ရုံအချို့တွင် စာရင်းကောက်ယူမှုများ ပြုလုပ်နေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရွှေဘို-မြစ်ကြီးနားကားလမ်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များကို စစ်ဆေးမှုများ ပြုလုပ်ဖမ်းဆီးနေကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံဝါဒဖြန့် ရေးသားလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရေးနှင့် ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ ပြည်သူများနှင့် ရောနှော၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရန် လိုအပ်သော လုံခြုံရေးစစ်ဆေးမှု ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း သက်ဆိုင်ရာ နယ်မြေအုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ မုံရွာမြို့ပေါ် ရပ်ကွက်များနှင့် စက်ရုံအချို့တွင် စစ်မှုထမ်းဆောင်ရန် လူစာရင်းများ ကောက်ခံလျက်ရှိကြောင်း ကောလာဟလ သတင်းတုများ ဝါဒဖြန့်ရေးသားလျက်ရှိပြီး သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်ကောက်ခံမှုများကို တာဝန်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်ကောက်ခံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်၊ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် တိုင်းပြည်၏ အနာဂတ်လူငယ်၊ လူရွယ်များ လမ်းမှားရောက်စေရန် ရည်ရွယ်၍ ကောလာဟလ သတင်းတု၊ သတင်းမှားများကို ဖြန့်ဝေလျက်ရှိသဖြင့် မိဘပြည်သူများနှင့် လူငယ်လူရွယ်များအနေဖြင့် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများတွင် သတင်းများ၊ ထုတ်ပြန်ချက်များ၊ အသိပေးချက်များကို ရှင်းလင်းလွယ်ကူစွာ သိရှိနားလည်စေရန် ထုတ်ပြန်ကြေငြာပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Hay Mar Thet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဟေမာသက်(ခ)ဟမ်နားအား ညနေ ၆ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပုဗ္ဗသီရိမြို့နယ်ရှိ သိမ်ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာများ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာရှိ သိမ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သိမ်ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းနှင့် အဆိုပါကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီတော်များ (နေပြည်တော်ပုဂံ)နှင့် စေတီတော်များ ပတ်ဝန်းကျင်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေး အသင်းအဖွဲ့များက ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက်များ ရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက ဘုရားဖူးလာပြည်သူများ စိတ်ချမ်း မြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် ရှေးဟောင်း စေတီတော်များ၏ သမိုင်းအကျဉ်းကို ထင်သာ မြင်သာနေရာများတွင် စိုက်ထူထားရှိရန် မှာကြား သည်။

ယင်းနောက် နေပြည်တော်ကောင်စီနှင့်အဖွဲ့ သည် ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိ(၉)ရပ်ကွက်ရှိ ဝန်ထမ်း အိမ်ရာများ၊ စာသင်ကျောင်းများနှင့် ဈေးများ တွင် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၊ ရပ်စောက်မြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့၊ နောင်တရားမြို့နှင့် ကလောမြို့တို့ရှိ PNO အသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ရပ်စောက်မြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့၊ နောင် တရားမြို့နှင့် ကလောမြို့တို့ရှိ PNO အသွင် ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားပြီး လက်နက်များတပ်ဆင်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးက ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးသည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဆင် ပေးသည့် လက်နက်များကို လိုက်လံကြည့်ရှု ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာဆွေးနွေးပွဲကျင်းပ

**ရေစကြို ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး စိုးမြင့် ထွန်းက ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ပတ်သက် ၍ ပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်း၏ ရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ရန်ကာလ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်းနှင့် မြို့နယ်ဥပဒေ အရာရှိ ဦးသန့်ဇင်အောင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက် သည့် ဥပဒေပါ အဓိပ္ပာယ်ဖော်ပြချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့်အကြောင်းအရာများ ကို မေးမြန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်လုလင် (ရေစကြို)**

# နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကျိုက်ပိရွှေသောင်ကွင်းဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တော ဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၂၇၅ ဧက ရှိသောနယ်မြေကို **“ကျိုက်ပိရွှေသောင်ကွင်းဒီရေတော ကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၂၄)အရ ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၆ ရက် (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ဒီရေတောသစ်မျိုးများနှင့် ဒီရေတောဂေဟစနစ်ကို ထိန်းသိမ်း ကာကွယ်ရန်၊ သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ် ရန်၊ သား၊ ငါး၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူ သုံးစွဲနိုင်ရန်၊ ရေပျော်ငှက်များနေထိုင်ကျက်စားရန်နှင့် ပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်ရည်ရွယ်၍ ဒီရေတော ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ကျိုက်ပိရွှေသောင်ကွင်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ဒေသအတွက် အကျိုးပြုသောဒီရေတောများ ဖြစ်ထွန်းလာမည်ဖြစ်ခြင်း၊ ပင်လယ် လှိုင်း၊ ဒီရေနှင့်လေမုန်တိုင်း စသည့်သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းပြိုတိုက်စားမှုလျော့နည်းလာပြီး လယ်ယာ မြေများအတွင်း ဆားငန်ရေဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ခြင်း၊ သား၊ ငါး၊ ပုစွန်စသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွားရာ အဏ္ဏဝါ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် ဆောင်းခိုငှက်၊ ရေပျော်ငှက် များ နေထိုင်ကျက်စားလာခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



# (၅၉) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများ ညီလာခံ၊ အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲနှင့် (၄၃) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်

## အိန္ဒိယရူပီးနှင့် မြန်မာကျပ်တို့ တိုက်ရိုက်အသုံးပြုရေးနှင့် နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

(၅၉)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများညီလာခံ၊ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲ (59th SEACEN Governors' Conference / High Level Seminar) နှင့် (၄၃) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၅၉) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများညီလာခံ၊ အဆင့်မြင့်အရာရှိများဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါညီလာခံကို "စီးပွားရေးလေဆန်ခရီးနှင့် ခေတ်မီနည်းပညာရပ်များနှင့် ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်နိုင်ခြင်းတို့အပေါ် အမြင်နှင့်စိန်ခေါ်မှုများ" (Navigating Economic Headwinds and Advancing Financial Inclusion: Perspective and Challenges)ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး Ms. Petya Koeva Brooks က ကမ္ဘာ့စီးပွားရေးနှင့် ထွန်းသစ်စ ဈေးကွက်နိုင်ငံများ၏ စီးပွားရေး အလားအလာအပေါ် သုံးသပ်ခြင်း (Insights on the Global and Emerging Markets Economic Outlook) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Banque de France ဥက္ကဋ္ဌ Mr. Francois Villeroy de Galhau "ငွေဖောင်းပွမှုရည်မှန်းချက် ၂ ရာခိုင်နှုန်းရရှိရေးအတွက် ရှေ့ဆက်ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ" (The Road to 2% Inflation Target, which challenges ahead?) ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

အရှေ့တောင်အာရှဗဟိုဘဏ်ဥက္ကဋ္ဌများ၏ စကားဝိုင်းဆွေးနွေးပွဲများအနေဖြင့် ဆွေးနွေးပွဲ အပိုင်း (၁)ကို ငွေဖောင်းပွမှုကိုဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရာများနှင့် ငွေဖောင်းပွမှုနှုန်းဆိုင်ရာ ရည်မှန်းလျာထားချက်များ ရရှိစေရန် ဗဟိုဘဏ်နှင့် ငွေကြေးအာဏာပိုင်များက ဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ (The Drivers and Road to Achieving Inflation Targets-Challenges ahead)၊ စကားဝိုင်းဆွေးနွေးပွဲအပိုင်း(၂)ကို အတိုးနှုန်းများကို ကာလကြာရှည်စွာမြင့်တင်ထားမှု၏ သက်ရောက်မှုများနှင့် စိန်ခေါ်မှုများ (Challenges and Implications of Higher for Longer Interest Rates) နှင့် စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၃)ကို ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်လာနိုင်ရေး ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ (No One Behind: The Role of Digital Public Infrastructure in Financial Inclusion) စသည့် ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အတွေ့အကြုံနှင့်ဗဟုသုတများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် (၄၃)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami က ၂၀၂၃ ခုနှစ်အတွင်း SEACEN Centre ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ၂၀၂၄ ခုနှစ်တွင် SEACEN Centre မှ ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများမှ ဆုံးဖြတ်အတည်ပြုရမည့်ကိစ္စရပ်များအား တင်ပြရာ ဗဟိုဘဏ်ဥက္ကဋ္ဌများက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် အိန္ဒိယနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် Bilateral Meeting ပြုလုပ်၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကုန်သွယ်မှု ပြုလုပ်ရာတွင် အိန္ဒိယရူပီးနှင့် မြန်မာကျပ်တို့ တိုက်ရိုက်အသုံးပြုရေးနှင့် နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ယနေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ကွမ်းသီးမှာ ပြည်တွင်းဈေးကွက်အတွင်း အဆက်မပြတ် လည်ပတ်နေပြီး ယခင်လက ဝယ်လိုအား ပိုကောင်းခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာ့ကွမ်းသီးမှာ ပြည်တွင်းဈေးကွက်အတွင်း အဆက်မပြတ် လည်ပတ်နေပြီး ယခင်လက ဝယ်လိုအား ပိုကောင်းခဲ့ကြောင်း ကွမ်းသီးရောင်းဝယ်ရေး အသိုင်းအဝိုင်းကို မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

"ကွမ်းသီးဈေးကွက်က ရောင်းအား၊ ဝယ်အားတွေ ရှိတယ်။ ပြီးခဲ့တဲ့လကဆို ရောင်းအားပိုကောင်းတယ်။ ဈေးကွက်အနေနဲ့ ပြောရမယ်ဆို ရောင်းအား၊ ဝယ်အားတွေ အဆက်မပြတ် ဈေးကွက်အတွင်း လည်ပတ်နေတယ်။ အရင်လတွေကတော့ ပိုကောင်းတာပေါ့" ဟု ကွမ်းသီးရောင်းဝယ်ရေးကုန်သည်တစ်ဦးက ပြောသည်။

ကွမ်းပင်ကို အိမ်တွင် စိုက်ပျိုးပါကလည်း တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိပြီး ကွမ်းသီးများ ရောင်းချရာတွင် အိမ်အရောက် လာရောက်ဝယ်ယူပြီး အပင်ပေါ်ကိုယ်တိုင်တက်၊ ကိုယ်တိုင်ရေတွက်ကာ ဝယ်ယူလေ့ရှိကြောင်း သိရသည်။

ကွမ်းသီးဈေးနှုန်းများအနေဖြင့် အကြီး၊ အသေး ရောနှောဝယ်ယူပြီး ကွမ်းသီးတစ်လုံးလျှင် (၉-၁၀)ကျပ် ဈေးနှုန်းဖြင့် ဝယ်ယူကာ မန္တလေးမြို့ဝယ်လက်များသို့ ရောင်းဈေးနှုန်း ၁၃ ကျပ်ဖြင့် ပြန်လည်တင်ပို့ရောင်းချရကြောင်း သိရသည်။

ကွမ်းသီးမှာ မြန်မာနိုင်ငံတွင် ကွမ်းစားရာ ထည့်သွင်းရသည့် အမယ်တစ်မျိုးဖြစ်ပြီး ပုံမှန်ဝယ်လက်များလည်းရှိကာ ကွမ်းသီးအမျိုးအစားများအနေဖြင့် ပြောင်ခြမ်း၊ ခွာဆံလုံးသေး၊ ကွမ်းသီးမှည့်ဟူ၍ အမျိုးအစားများ ရှိကြောင်း သိရသည်။

**သစ်တော်**



# အမ်းမြို့နယ် ဒိုင်ကြီးခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**အမ်း ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဒိုင်ကြီးခေတ်မီစံပြကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ၁၈ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၀၀'x၁၂'x၆")၏ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းပြီးစီးမှုအခြေအနေကို အမ်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က မြေပြင်ကွင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် ရန်ကုန် - စစ်တွေ ကားမလမ်းကြီးမှ ဒိုင်ကြီးခေတ်မီစံပြကျေးရွာသို့ အဝင်တွင်တည်ရှိပြီး ကျေးရွာရှိ အိမ်ခြေ ၁၉၁ အိမ်၊ ကျေးရွာနေပြည်သူ ၇၆၈ ဦးအား အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကာ ဒေသခံများ ရာသီမရွေးသွားလာရေး လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဝေါမြို့နယ်၌ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ပေါင်းစပ်ကြဲပက်



**ဝေါ ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပပြုလုပ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်ကြဲပက်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ဇေရာဇ်ကျေးရွာရှိ ကွင်းအမှတ်(၆၈၈)က၊ ဦးပိုင်အမှတ်(၁၁/၂) တောင်သူ ဦးထွန်းထွန်း၏ လယ်မြေ ၁၅ ဧက၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းကိုကိုနှင့်ကော်မတီဝင်များ၊ ကျေးရွာများမှ နွေစပါးစိုက်တောင်သူများ တက်ရောက်ကြပြီး တောင်သူ ဦးထွန်းထွန်း၏ လယ်မြေ ၁၅ ဧကအတွင်း စုပေါင်းကာ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ်ကြဲပက်ကြသည်။

**စိုးမိုး (ပြန်/ဆက်)**

## ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု

## အီရန်နိုင်ငံက ပြည်တွင်းထုတ် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်နှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ပြသ

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးစနစ်နှင့် အနိမ့်ပိုင်းလေကြောင်းရန် ကာကွယ်ရေးစနစ်တို့ကို အီရန်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြသခဲ့ကြောင်း အိုင်အာအင်န်အေသတင်းဌာနတွင် ဖော်ပြသည်။



ပြည်တွင်း၌ပင် ထုတ်လုပ်ထားသည့် အာမန်ဟု အမည်ပေးထားသော ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးစနစ်နှင့် အက်ဇရက်ရှ်ဟု အမည်ပေးထားသော လေကြောင်းရန် ကာကွယ်ရေးစနစ်တို့ကို အီရန်နိုင်ငံမြို့တော် တီဟီရန်တွင် ပြုလုပ်သည့်အခမ်းအနား၌ ပြသခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီး မိုဟာမက်ရီဇာ အက်ရှ်တီယာနီ တက်ရောက်သည်။ အဆိုပါ စနစ်နှစ်ခုမှာ ကာကွယ်ရေးဌာန၏ ကြီးမားသော အောင်မြင်မှုပင်ဖြစ်ကြောင်း အီရန် ကာကွယ်ရေးဝန်ကြီးက ပြောသည်။

အာမန်စနစ်သည် ပစ်မှတ်ကို ၁၈၀ ကီလိုမီတာအကွာတွင် ထောက်လှမ်းနိုင်ပြီး ၁၂၀ ကီလိုမီတာအတွင်း ဖျက်ဆီးပစ်နိုင်သည်။ အာမန်စနစ်သည် သုံးမိနစ်အတွင်း လည်ပတ်ရန် အသင့်ဖြစ်နိုင်သည်ဟု ၎င်းက ဆက်ပြောသည်။

အက်ဇရက်ရှ်စနစ် လေကြောင်းရန် ကာကွယ်ရေးစနစ်သည် နိုင်ငံ၏ အရေးကြီးသည့် အဆောက်အအုံများကို ဒရုန်းများနှင့် အသေးစားလေယာဉ်များ၏ အန္တရာယ်မှ အကာအကွယ်ပေးနိုင်သည်ဟု ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

## ဂါဇာကမ်းမြောင်ဆေးရုံတိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၇၀ အစ္စရေး ဖမ်းဆီးထိန်းသိမ်း

**ဂါဇာ ဖေဖော်ဝါရီ ၁၇**

ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်းယူနစ်မြို့ရှိ ဆေးရုံတစ်ရုံကို တိုက်ခိုက်မှုအတွင်း ဟားမားစ် စစ်သွေးကြွ ၇၀ ကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

အဆောက်အအုံ၌ အရပ်သားအများအပြား ခိုလှုံလျက်ရှိကြောင်း သိရသည်။ အစ္စရေးတပ်ဖွဲ့သည် ဟားမားစ်တို့ ပုန်းခိုအောင်းလျက်ရှိသည်ဟု ယူဆရသော နက်ဆာဆေးရုံကို ကြာသပတေးနေ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

၎င်းတို့သည် ဟားမားစ်တို့က ဖမ်းဆီးခေါ်ဆောင်သွားသော ဓားစာခံများ၏ ရုပ်အလောင်းများကို ရှာတွေ့ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ လူနာများ ဆေးဝါးကုသမှု ဆက်လက်ခံယူနိုင်စေရန်အတွက်လည်း ထောက်ပံ့ရေးပစ္စည်းများကို ပံ့ပိုးပေးနေကြောင်း ၎င်းတို့က ဆက်ပြောသည်။

သို့သော်လည်း ဂါဇာကမ်းမြောင်ကျန်းမာရေးအာဏာပိုင်များက အောက်ဆီဂျင်ပြတ်လပ်မှုအပါအဝင် လူငါးဦး သေဆုံးကြောင်း ပြောသည်။ အစ္စရေးကာကွယ်ရေးဝန်ကြီး ဂဲယ်လန့်က အကြမ်းဖက်သမား ၇၀ ခန့် ဖမ်းဆီးနိုင်ကြောင်း ပြောကြားကာ စစ်ဆင်ရေးအတွက် ဂုဏ်ပြုခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးသူ ၁၁၂ ဦးအပါအဝင် ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးသူ စုစုပေါင်း ၂၈၇၇၅ ဦးအထိရှိလာပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၉၈ ဦးအထိတိုးလာ

**မနီလာ ဖေဖော်ဝါရီ ၁၇**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း သတ္တုတွင်းမြို့ဖြစ်သည့် ဒါဗာအိုဒီအိုရိုပြည်နယ်တွင် ဖေဖော်ဝါရီ ၆ ရက်က မြေပြိုမှုကြောင့် သေဆုံးသူ ၉၈ ဦးအထိ တိုးလာကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးရုံးက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ကျန်ရှိနေသည့်ပျောက်ဆုံးသူ ကိုးဦးကို ရှာဖွေရန် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း မာကိုမြို့ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံးက ပြောကြားသည်။



မြေပြိုမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်စဉ်။

ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းက မိုးရွာသွန်းမှုကြောင့် တောင်စောင်းမှ ကျောက်ခဲများ၊ မြေများနှင့် အပျက်အစီးများက မာကိုမြို့ သတ္တုတူးဖော်ရေးလုပ်ငန်းအနီးတစ်ခုမှ အလုပ်သမားများကို လိုက်လံပို့ဆောင်သည့် ဘတ်စ်ကားနှစ်စီးအပါအဝင် နေအိမ်များနှင့် ယာဉ်များကို ဖုံးအုပ်သွားကြောင်း၊ ဘတ်စ်ကားပေါ်ရှိ သတ္တုတွင်းအလုပ်သမားများ သေဆုံးခဲ့ပြီး ၃၂ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ပစိဖိတ်မီးတောင်ရပ်ဝန်းတွင် တည်ရှိပြီး ကျွန်းစုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း မကြာခဏ တိုက်ခတ်ခံရလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံ၌ ကျားကောင်ရေ ကောက်ယူမှု အထောက်အကူဖြစ်စေရန် တောတောင်များ၌ ကင်မရာများတပ်ဆင်

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျားကောင်ရေ ကောက်ယူရာတွင် အထောက်အကူဖြစ်စေရန် ကာဒါမမ်တောင်တန်းဒေသရှိ တောတောင်များအတွင်း ကင်မရာထောင်ချောက်များကို ဖေဖော်ဝါရီ ၁၇ ရက်က စတင်တပ်ဆင်ထားခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ခါဖေးအက်ဒီယာက ပြောသည်။

အရှေ့တောင်အာရှနိုင်ငံတွင် ကျားမျိုးသုဉ်းနေကြောင်း ၂၀၁၆ ခုနှစ်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့ရန်ပုံငွေအဖွဲ့က ကြေညာခဲ့သည်။ ဆရီပေါ့ခ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၀၇ခုနှစ်က ကျားတစ်ကောင်၏ ပုံရိပ်ကို ကင်မရာထောင်ချောက်တွင် တွေ့ရှိရသည်။ တောရိုင်းတိရစ္ဆာန်သဘာဝကို လေ့လာရန် တစ်ကီလိုမီတာတိုင်းတွင် ကင်မရာတပ်ဆင်ကာ ကင်မရာအလုံးရေ ၄၁၀ အထိ တပ်ဆင်သွားမည်ဟု ၎င်းက ဆင်ဟွာသို့ ပြောသည်။

အိန္ဒိယမှတင်သွင်းရန် စီစဉ်ထားသည့် ကျားများအတွက် မိုးရာသီနှင့် ခြောက်သွေ့သည့်ရာသီများတွင် အစားအစာလုံလောက်မှုရှိမရှိကို ခွဲခြမ်းစိတ်ဖြာရန်အတွက် သုံးလအတွင်း ကင်မရာများကို အသုံးပြုသွားမည်ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အိန္ဒိယနိုင်ငံနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။ **ဆင်ဟွာ**

## အထင်ကရ H3 ဒုံးပျံသစ်ကို အောင်မြင်စွာလွှတ်တင်ကြောင်း ဂျပန်အာကာသအေဂျင်စီ အတည်ပြု

**တိုကျို ဖေဖော်ဝါရီ ၁၇**

ဂျပန်အာကာသအေဂျင်စီသည် ၎င်းတို့၏ အထင်ကရ H3 ဒုံးပျံသစ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အတည်ပြုပြောသည်။ အဆိုပါဒုံးပျံကို ကာဂိုရှီးမားစီရင်စု အနောက်တောင်ပိုင်းရှိ တာနီဂါရှီမာအာကာသစင်တာမှ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီ ၂၂ မိနစ်တွင် လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက အာကာသယာဉ်မှာ စီစဉ်သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ ရောက်ရှိပြီဖြစ်ကြောင်း ပြောသည်။ ၎င်းမှာ H3 ဒုံးပျံ၏ ပထမဆုံးအောင်မြင်သော လွှတ်တင်မှုဖြစ်ကြောင်းနှင့် ၂၀၂၃ ခုနှစ် မတ်လအတွင်း ပထမအကြိမ်လွှတ်တင်မှုမှာ ဒုတိယအဆင့် အင်ဂျင်မီးကူးခြင်း မရှိသောကြောင့် မအောင်မြင်မှုဖြင့် အဆုံးသတ်ခဲ့သည်။

ဂျပန်အာကာသစူးစမ်းလေ့လာရေး အေဂျင်စီဥက္ကဋ္ဌ ယာမာကာဝါ ဟီရိုရှိက ယခုထက် ပိုပျော်ရွှင်ရပြီး ပိုစိတ်သက်သာရတာ မရှိနိုင်တော့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။ ယခုလို ဒုံးပျံ အောင်မြင်စွာ လွှတ်တင်ရာ၌ ပါဝင်သူတစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုးပမ်းအားထုတ်မှုများကို အမှန်တကယ်ကျေးဇူးတင်ကြောင်း ၎င်းက ဆက်ပြောသည်။

ထို့အပြင် စီမံကိန်းမန်နေဂျာ အိုကာဒါ မာဆာရှီက ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို လွှတ်တင်လိုက်ရသလို ခံစားရကြောင်း၊ H3 ဒုံးပျံကို နှစ်ကြိမ်သာ လွှတ်တင်ခဲ့ရပြီး အမှန်တကယ် စိန်ခေါ်မှုများ မရောက်လာသေးကြောင်းနှင့် H3 ဒုံးပျံကို ပိုမိုကောင်းမွန်အောင် ဆက်လက်လုပ်ဆောင်လိုကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**



# မုဒုံမြို့နယ် ကမာဝက်မြို့ရှိ ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ စန္ဒကုမာရ ဂုဏ်ပြုပူဇော်ပွဲနှင့် သက်တော်(၆၆)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့ရှိ ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ စန္ဒကုမာရ ဂုဏ်ပြုပူဇော်ပွဲနှင့် သက်တော်(၆၆)နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ ဆရာတော်ဘဒ္ဒန္တစန္ဒကုမာရ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့ဒွန်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ခြသေ့်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ထံ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် မင်္ဂလာဓမ္မဇောတိကဓဇ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအား ထပ်ဆင့်ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ရှိ အဘိုး၊ အဘွားများအတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်)ရှိ အဘိုး၊ အဘွားများအတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘိုးဘွားရိပ်သာရှိ ဗဟိုအလုပ်အမှုဆောင် ကော်မတီရုံး၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတစ်ဦးက စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်)ရှိ အဘိုး၊ အဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက အဘိုး၊ အဘွားများအတွက် အလှူငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာတာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ **(ယာပုံ)** ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုး၊ အဘွားများ၏ ထမင်းစားဆောင်၊




အိပ်ဆောင်များ၊ ကျန်းမာရေး စောင့်ရှောက် ပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ် သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး **(အောက်ဝဲပုံ)** အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်းရှိ အာဟာရဌာနမှ လူနာများကို ကျွေးမွေးမည့် အာဟာရဖြည့် စားသောက်ဖွယ်ရာများအား ကြည့်ရှုစစ်ဆေးပြီး လူနာများ စားသောက်နေမှုကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မှော်ဘီမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၂၂ ပါးနှင့် ဒေသခံပြည်သူ ၁၁၅ ဦး တို့ကို အဆိုပါကျေးရွာရှိ မဟာဗောဓိဝံသကျောင်းတိုက်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီး မျက်မှန်ရပ်ကွက် အနီဃာသီလရှင် ပရိယတ္တိစာသင်တိုက်ရှိ သာသနာ့ဒွန်ဝင်သီလရှင် ၁၄၈ ပါး တို့ကို အဆိုပါ စာသင်တိုက်၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့ဒွန်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ များအား သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ဆီးချို/သွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❍ *ကျောဖုံးမှ*

ပွဲစဉ် (၁၃) အပြီးတွင် VUC အသင်းက ရမှတ် ၃၉ မှတ်ဖြင့် ဦးဆောင်နေပြီး MIU အသင်းက ၂၈ မှတ်၊ Winner Soccer အသင်းနှင့် Generations အသင်းတို့က ၂၆ မှတ်စီ၊ Futsal-19 အသင်းက ၁၆ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၅ မှတ်၊ Dream Team အသင်းက ၁၂ မှတ်၊ M2K အသင်းက ၁၁ မှတ်၊ လင်းလက်အသင်းက ၁၀ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

ယခုတစ်ပတ်တွင် ထိပ်ဆုံးမှ VUC အသင်းနှင့် ဒုတိယနေရာမှ MIU အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး VUC အသင်းက လက်ကျန်ငါးပွဲအလိုတွင် ပထမနေရာရယူနိုင်ရန်အခြေအနေကောင်းသွားခဲ့သည်။

Dream Team အသင်းသည် နိုင်ပွဲဆက်ခဲ့သဖြင့် ဇယားအောက်ပိုင်းမှ ရုန်းထွက်နိုင်ခဲ့ပြီး ချန်ပီယံဆုအတွက် Play-off ဝင်ခွင့်အတွက် VUC အသင်းသေချာနေပြီ ဖြစ်သော်လည်း ကျန်နှစ်နေရာအတွက် MIU အသင်း၊ Winner Soccer အသင်းနှင့် Generations အသင်းတို့ အပြိုင်လုရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-MFF**

အိမ်ပြင်ပ၌ ထွန်းသောမီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# သတိပြုစရာ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ

*ဒေါက်တာသဉ္ဇာအောင်- ဒုတိယညွှန်ကြားရေးမှူး (ကူးစက်)*

**ကိုဗစ်-၁၉ ရောဂါ၏ မူလအစ**

ကိုဗစ်-၁၉ ရောဂါသည် တရုတ်နိုင်ငံ ဝူဟန်မြို့၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်တွေ့ရှိခဲ့သည့် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါတစ်ခု (2019 Novel Coronavirus) ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများသို့ လျင်မြန်စွာ ကူးစက်ဖြစ်ပွားခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝူဟန်ရောဂါဖြစ်ပွားမှုဆိုင်ရာ ပထမအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပခဲ့ပြီးနောက် ဇန်နဝါရီ ၃၁ ရက်တွင် 2019 Novel Coronavirus ဖြစ်ပွားမှုကို ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ (Public Health Emergency of International Concern – PHEIC) အနေဖြင့် သတ်မှတ်ကြေညာ၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်တွင် Coronavirus Disease – 2019 (COVID-19) ဟု အမည်ပေး၍ ကမ္ဘာ့ကပ်ရောဂါ (pandemic) အဖြစ် ကြေညာခဲ့ပါသည်။ အဆိုပါရောဂါဖြစ်ပွားစေသော SARS CoV-2 ဗိုင်းရပ်စ်ပိုးသည် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအများအပြားသို့ ကူးစက်ပြန့်ပွားခဲ့ပြီး မျိုးရိုးဗီဇများလည်း လျင်မြန်စွာ ပြောင်းလဲလျက်ရှိနေပါသည်။

**ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်ခဲ့သော ကမ္ဘာ့အခြေအနေ**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်း နိုင်ငံများအားလုံးသို့ ကူးစက်ဖြစ်ပွားခဲ့ပြီး ကူးစက်မှုလှိုင်းများကြောင့် လူထု၏ ကျန်းမာရေးနှင့် လူမှုစီးပွားရေးကဏ္ဍများအပေါ် အကြီးအကျယ် သက်ရောက်မှုများရှိခဲ့ကာ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇများ လျင်မြန်စွာ ပြောင်းလဲကူးစက်မှုကြောင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားခဲ့သည့် အမေရိကန်နိုင်ငံနှင့် ဂျာမနီနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစု၌ ပြင်းထန်သော ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ ခံစားခဲ့ရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သော အချက်အလက်များအရ ၁၄-၁-၂၀၂၄ ရက်အထိ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာဦးရေ ၇၇၄ သန်းကျော် (၇၇၄၂၉၁၂၈၇ ဦး) နှင့် သေဆုံးသူဦးရေ ခုနစ်သန်းကျော် (၇၀၁၉၇၀၄ ဦး) ရှိခဲ့ပြီဖြစ်ပါသည်။

၁၉-၁-၂၀၂၄ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လစဉ်အစီရင်ခံစာအရ လွန်ခဲ့သောရက်သတ္တလေးပတ်အတွင်း သတင်းပေးပို့မှုအနေဖြင့် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေ ၁၁၁၃၇၂၆ ဦးရှိပြီး



**ကမ္ဘာ့နိုင်ငံများ၌ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာမှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ အပတ်စဉ် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေ့ရှိမှုနှင့် ပိုးတွေ့ရှိမှုနှုန်းများ တဖြည်းဖြည်း မြင့်တက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် အတည်ပြုလူနာ ခုနစ်ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၀၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် အတည်ပြုလူနာ ၅၄ ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး စတုတ္ထပတ်တွင် အတည်ပြုလူနာ ၇၃ ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၄၅ ရာခိုင်နှုန်းအထိ ဆက်လက်မြင့်တက်လာ**

သေဆုံးသူ ၈၇၀၀ ရှိသည့်အတွက် ယခင်ရက်သတ္တလေးပတ်နှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားမှု လေးရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သေဆုံးမှုမှာ ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများတွင် ဖြစ်ပွားသူဦးရေ မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

အရှေ့တောင်အာရှဒေသတွင် ယခင်ရက်သတ္တလေးပတ်နှင့် နှိုင်းယှဉ်ပါက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၃၇၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး သေဆုံးမှုမှာ ၅၆၄ ရာခိုင်နှုန်းအထိ ပိုမိုမြင့်တက်ခဲ့ကြောင်းနှင့် သတင်းပေးပို့မှုအရ ရောဂါဖြစ်ပွားသူအများဆုံး နိုင်ငံများမှာ ရုရှားဖက်ဒရေးရှင်း၊ စင်ကာပူ၊ အီတလီနှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

**ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးအကြောင်း**

ကိုဗစ်-၁၉ ရောဂါကို ဖြစ်ပွားစေတတ်သည့် SAR CoV-2 ဗိုင်းရပ်စ်ပိုးသည် ဆဲလ်ပွားချိန်များတွင် ဗီဇပြောင်းမျိုးကွဲများ ပေါ်ပေါက်တတ်ပြီး မူလမျိုးကွဲနှင့် မတူညီသည့် ဗီဇပြောင်းမျိုးကွဲများ ကူးစက်ဖြစ်ပွားခဲ့မှုကို ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးချိန်များတွင် တွေ့ရှိရပါသည်။ အဆိုပါဗီဇပြောင်းမျိုးကွဲများသည် မူလမျိုးရင်း SARS CoV-2 ဗိုင်းရပ်စ်ပိုးနှင့်နှိုင်းယှဉ်ပါက ရောဂါကူးစက်နိုင်မှု၊ ပြင်းထန်ရောဂါဖြစ်ပွားနိုင်မှု၊ ကာကွယ်ဆေးများနှင့် ကာကွယ်နိုင်မှု၊ ကုသဆေးဝါးဖြင့် ကုသပေးနိုင်မှု အခြေအနေများ ပြောင်းလဲတတ်သောကြောင့် အထူးအလေးထား စောင့်ကြပ်ကြည့်ရှုရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိမှုမှ ပယ်ဖျက်ပြီး နောက်ပိုင်းတွင်လည်း မျိုးရိုးဗီဇပြောင်းလဲမှုစောင့်ကြည့်ခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရှိပါသည်။ မျိုးရိုးဗီဇပြောင်းပိုးများကို Variant of Interest (VOI) နှင့် Variant of Concern(VOC) များဖြင့် သတ်မှတ်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ရောဂါစတင်ကူးစက်ချိန်မှ ယခုအချိန်အထိ အယ်လ်ဖာ(Alpha)၊ ဘီတာ(Beta)၊ ဂါမာ(Gamma)နှင့် ဒယ်လ်တာ(Delta)၊ အိုမီခရွန် (Omicron) တို့ကို VOC အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံမှစ၍ တွေ့ရှိကူးစက်ခဲ့သည့် ပြင်းထန်ရောဂါ ဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေမြင့်မားသည့် ဒယ်လ်တာမျိုးကွဲသည် ၂၀၂၁ ခုနှစ် မေလနှင့် ဇွန်လပိုင်းတွင် ကမ္ဘာ့နိုင်ငံများ၌ မြန်ဆန်စွာ ကူးစက်ဖြစ်ပွားခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဒယ်လ်တာမျိုးကွဲထက် ပိုမိုကူးစက်နိုင်ခြေမြင့်မားသော်လည်း ပြင်းထန်ရောဂါဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေနည်းပါးသည့် အိုမီခရွန်မျိုးကွဲများ ကူးစက်ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အိုမီခရွန် ဗီဇပြောင်းမျိုးကွဲသည် မျိုးကွဲများအဖြစ် ဆက်လက်၍ လျင်မြန်စွာ ပြောင်းလဲလျက် ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

**ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ ကူးစက်ဖြစ်ပွားမှုအခြေအနေ**

ကိုဗစ်-၁၉ ရောဂါကိုဖြစ်ပွားစေသည့် SARS CoV-2 ဗိုင်းရပ်စ်ပိုးသည် လျင်မြန်စွာ မျိုးရိုးဗီဇပြောင်းလဲလျက်ရှိသောကြောင့် ရောဂါပြင်းထန်ပြီး သေဆုံးနိုင်ခြေမြင့်မားသည့် ဗီဇပြောင်းမျိုးကွဲများ ထွက်ပေါ်လာပါက စောစီးစွာသိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက မျိုးရိုးဗီဇ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၉-၁-၂၀၂၄ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားရှိသည့် ကိုဗစ်-၁၉ ရောဂါဗီဇပြောင်းမျိုးကွဲ စောင့်ကြပ်ကြည့်ရှုမှုအချက်အလက်များအရ အိုမီခရွန်မျိုးကွဲများဖြစ်သည့် Omicron XBB.1.5, XBB.1.16, EG.5, BA.2.86 နှင့် JN.1 မျိုးကွဲ ငါးမျိုးကို စိတ်ဝင်စားဖွယ်မျိုးကွဲများ (Variants of Interest-VOIs) အဖြစ် လည်းကောင်း၊ Omicron DV.7, XBB, XBB.1.9.1, XBB.1.9.2 နှင့် XBB.2.3 မျိုးကွဲငါးမျိုးတို့ကို စောင့်ကြည့်ရမည့် မျိုးကွဲများ (Variants Under Monitoring-VUMs) အဖြစ် လည်းကောင်း ဆက်လက် သတ်မှတ်ထားရှိကြောင်း သိရှိရပါသည်။

JN.1 မျိုးကွဲတွေ့ရှိရမှုသည် ယခင်ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးရက်သတ္တပတ်ထက် မြင့်တက်လာကာ နိုင်ငံပေါင်း ၇၁ နိုင်ငံတွင် ဖြစ်ပွားကူးစက်လျက်ရှိကြောင်း တွေ့ရှိရပြီး ဗီဇပြောင်းမျိုးကွဲစစ်ဆေးမှု စုစုပေါင်း၏ ၆၅ ဒသမ ၅ ရာခိုင်နှုန်းမှာ JN.1 ဖြစ်ကြောင်း၊ ၁၆ ဒသမ ၆ ရာခိုင်နှုန်းမှာ EG.5၊ ၇ ဒသမ ၈ ရာခိုင်နှုန်းမှာ BA.2.86၊ ၃ ဒသမ ၃ ရာခိုင်နှုန်းမှာ XBB.1.5 နှင့် ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ XBB.1.6 မျိုးကွဲတို့ဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။

JN.1 မျိုးကွဲ ကူးစက်ဖြစ်ပွားမှုများမှာ မြင့်တက်လာသော်လည်း ၁၉-၁၂-၂၀၂၃ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သော အန္တရာယ်ဖြစ်နိုင်မှု ကနဦးဆန်းစစ်အကဲဖြတ်ခြင်း (initial risk evaluation) အရ JN.1 သည် ပြည်သူ့ကျန်းမာရေးထိခိုက်မှု အန္တရာယ်နည်းပါးကြောင်းနှင့် ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှုမြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိပါကြောင်း၊ ယခင်မျိုးကွဲများနည်းတူပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှုမှ ထိရောက်စွာ ကာကွယ်နိုင်ကြောင်း ဖော်ပြထားရှိပါသည်။

**မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ ရောဂါ**

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကမ္ဘာ့ကပ်ရောဂါအသွင်ကူးစက်မှုမဖြစ်ပွားမီကပင် စတင်၍ ယနေ့အထိ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေအပေါ်မူတည်၍ ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကို ဖြေလျှော့ပေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော အကြံပြုချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ (Public Health Emergency of International Concern-PHEIC) အဖြစ် စတင်သတ်မှတ်ခဲ့သည့် ၃၀-၁-၂၀၂၀ ရက် မတိုင်မီကပင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်တွင် ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုစတင်တွေ့ရှိခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုလှိုင်း လေးခုအနေဖြင့် ကူးစက်ဖြစ်ပွားခဲ့ရာတွင်လည်း ကူးစက်မှုလှိုင်းအပေါ်မူတည်၍ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်၍ ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်နိုင်ခဲ့ပါသည်။

*စာမျက်နှာ ၁၇ သို့*

## မင်းလှမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများရှိ ရေကျော်များကို အဆင့်မြှင့်တင်ဆောင်ရွက်မည်

**အထက်မင်းလှ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ ရေကျော်များကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ခလိုင်း-ရွာသာလှ(စစ္စနို့-ကန်တုတ်) လမ်းပေါ်ရှိ ရေကျော်အရှည်ပေ ၁၅၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆင်မတောင်-ညောင်ဝိုင်းလမ်းပေါ်ရှိ ရေကျော်အရှည်ပေ ၂၀၀ ကိုလည်းကောင်း ဆောင်ရွက်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒီဇိုင်းပုံထုတ်ဌာနခွဲမှ တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ ရေကျော်များကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုအဆင်ပြေချောမွေ့လာပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**ဇာဇာ (အထက်မင်းလှ)**



## မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ကျွန်းကျောင်းတော်ကြီးကို ထိုင်းပညာရှင်များက ပြန်လည်ပြုပြင်ပြီးစီး၊ ယခုလအတွင်း ဖွင့်လှစ်မည်



**မန္တလေး ဖေဖော်ဝါရီ ၁၇**

မင်းတုန်းမင်း တရားကြီး၏ ကုသိုလ်တော်ဖြစ်ပြီး သမိုင်းအမွေအနှစ်ကြီးမားသည့် မန္တလေးမှ ကျွန်းကျောင်းတော်ကြီးကို ထိုင်းနိုင်ငံမှ ပညာရှင်များက ပြန်လည်ပြုပြင်ခဲ့ရာ ပြီးစီးပြီဖြစ်၍ ယခုလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါ ကျောင်းတော်ကြီးနှင့်ပတ်သက်၍ ကူညီမှုများ ဆောင်ရွက်ခဲ့သူ မင်းတုန်းမင်းတရားကြီး၏တီတော် ကိုထိပ်တင်အောင်က ပြောသည်။

“ပထမ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကို ကျောင်းနေရာကြီးတစ်ခုလုံးရော၊ ကျောင်းကြီးကိုပါ ဆောက်လုပ်လှူဒါန်းခဲ့တာပေါ့။ ရွှေကျင်သာသနာအတွက်ကျတော့လည်း ဒီကျောင်းက မူလဘူမိနက်သန် ဖြစ်နေတာပေါ့။ ပျက်စီးနေတာကို ၁၉၉၂ ခုနှစ်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ရယ်၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ရယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရယ် ပူးပေါင်းပြီး တော့ ပြင်ခဲ့တာ။ အဲဒါက တဖြည်းဖြည်း ပျက်စီးယိုယွင်းလာတာက ၂၀၁၄၊ ၂၀၁၅ လောက်မှာ တော်တော်ဆိုးလာပြီပေါ့။ ဒါကိုပြုပြင်ဖို့အတွက် ဆရာတော်က ထိုင်းနိုင်ငံက အလှူရှင်တွေနဲ့ ချိတ်ဆက်မိတာပေါ့။ ထိုင်းနိုင်ငံက ဓမ္မကာယဘုန်းကြီးက ပြုပြင်ဖို့ အဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး ပြုပြင်ပေးတာပါ။ အလှူရှင်ရော လုပ်အားပါ ထိုင်းဘက်က ဆောင်ရွက်တာပေါ့၊ ထိုင်းက ပြင်တယ်။ ဒါပေမယ့် ထိုင်းဟန်တွေ၊ ထိုင်းလက်ရာတွေ မပါဘူး။ ဟိုဘက်က ပြင်ဆင်တဲ့အဖွဲ့အကုန်လုံးက မူရင်းလက်ရာကို ပုံတူကူးပြီးတော့ မူရင်းလက်ရာအတိုင်း လုပ်တာဖြစ်ပါတယ်” ဟု ကိုထိပ်တင်အောင်က ရှင်းပြသည်။

ကျွန်းကျောင်းကြီး သည် မန္တလေးမြို့ ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးတွင် တည်ရှိသည်။ ထိုင်းပြုပြင်ရေးအဖွဲ့ကို ဦးဆောင်လာသည့် ဗိသုကာဆရာကြီး ဖိထာဝန်ဖရုံထာဝန်သည် ငွေအားလည်း စိုက်ထုတ်လှူဒါန်းခဲ့ပြီး ကျောင်းကြီးကို ပြုပြင်နေစဉ်ကာလအတွင်း နေမကောင်းဖြစ်ကာ ကွယ်လွန်ခဲ့သည့်အတွက် ကုသိုလ်တော် မင်္ဂလာအခမ်းအနားတွင် ၎င်း၏ အထိမ်းအမှတ်ရုပ်တုကိုပါ ဖွင့်လှစ်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ထက်ဦးမောင်**

*စာမျက်နှာ ၁၆ မှ*

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားမှုမှ ပယ်ဖျက်ကြောင်း ကြေညာခဲ့သည့် ၅-၅-၂၀၂၃ ရက် နောက်ပိုင်းတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကူးစက်မှုအပေါ် မူတည်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းနှင့် ဖြေလျှော့ပေးခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ လက်ရှိကူးစက်ဖြစ်ပွားမှု အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၉-၁-၂၀၂၄ ရက် ည ၈ နာရီအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၆၄၁၆၉၁ ဦးနှင့် သေဆုံးသူပေါင်း ၁၉၄၉၄ ဦးရှိခဲ့ပြီး ၁၄-၅-၂၀၂၃ ရက်မှစ၍ ၂၉-၁-၂၀၂၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသည့် ရက်ပေါင်း ၂၆၁ ရက်နှင့် ၇-၇-၂၀၂၃ ရက်မှစ၍ ၂၉-၁-၂၀၂၄ ရက်အထိ နေ့စဉ် ကိုဗစ်-၁၉ ရောဂါပိုးတွေ့နှုန်း တစ်ရာခိုင်နှုန်းအောက်သို့ရောက်ရှိခဲ့သည့် ရက်ပေါင်း ၂၀၇ ရက် ရှိပြီဖြစ်ပါသည်။

သို့ရာတွင် ကမ္ဘာ့နိုင်ငံများ၌ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ အပတ်စဉ် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေ့ရှိမှုနှင့် ပိုးတွေ့ရှိမှုနှုန်းများ တဖြည်းဖြည်း မြင့်တက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် အတည်ပြုလူနာ ခုနစ်ဦး၊ ပိုးတွေ့နှုန်းသုည ဒသမ ၀၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် အတည်ပြုလူနာ ၅၄ ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး စတုတ္ထပတ်တွင် အတည်ပြုလူနာ ၇၃ ဦး၊ ပိုးတွေ့နှုန်း သုည ဒသမ ၄၅ ရာခိုင်နှုန်းအထိ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ အခြေအနေ**

ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတို့ ပူးပေါင်း၍ “ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်း (Genomic Surveillance)” လုပ်ငန်းကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ကမ္ဘာ့နိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တွင် ဆောင်းရာသီကာလသို့ ဝင်ရောက်လာချိန်၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ ကူးစက်ဖြစ်ပွားမှုရှိ/မရှိ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ဓာတ်ခွဲနမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် RT-PCR နည်းဖြင့် ထပ်မံစစ်ဆေးပြီး ဆေးသုတေသနဦးစီးဌာနသို့ ဆက်လက်ပေးပို့၍ မျိုးဗီဇတစ်ခုလုံးစစ်ဆေးမှု (Whole Genome Sequencing) ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့စစ်ဆေးခဲ့ရာတွင် SARS-CoV-2 Omicron Variant များဖြစ်သည့် JN.1၊ HV.1၊ XBB.1.16.17 နှင့် EG.5.1.8 တို့ကို အတည်ပြုတွေ့ရှိရကြောင်းနှင့် အဆိုပါ SARS-CoV-2 Omicron Variant များအနက် HV.1၊ JN.1 နှင့် EG.5.1.8 တို့မှာ မြန်မာနိုင်ငံတွင် အသစ်တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ (Newly Detected Variants In Myanmar) ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ၁၀-၁-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် အိုမီခရွန်မျိုးကွဲတစ်ခုဖြစ်သည့် Omicron HV.1 မျိုးကွဲသည် EG.5 မျိုးကွဲမှ တိုက်ရိုက်ဆင်းသက်လာပြီး CDC’s SARS-CoV-2 lineage tree အရ XBB.1.9.2 ၏ မျိုးကွဲဖြစ်ကာ အမေရိကန်ပြည်ထောင်စုတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လက စတင်တွေ့ရှိရကြောင်း၊ ၎င်းမျိုးကွဲအား VOI နှင့် VUM အဖြစ် သတ်မှတ်ထားမှုမရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် နောက်ထပ်မျိုးကွဲတစ်ခုဖြစ်သည့် Omicron JN.1 မှာမူ အိုမီခရွန် BA.2.86 ၏ မျိုးကွဲဖြစ်ပြီး လတ်တလောတွင် နိုင်ငံအများအပြား၌ အဓိကကူးစက်မှု မြင့်တက်လာသည့်အတွက် ၁၃-၁၂-၂၀၂၃ ရက်နေ့၌ သီးခြားမျိုးကွဲအဖြစ် သတ်မှတ်ထားသည့်အပြင် ၎င်းအား VOI အမျိုးအစားအဖြစ် သတ်မှတ်ထားရှိပါသည်။ Omicron EG.5.1.8 နှင့် Omicron XBB.1.16.17 တို့သည်လည်း XBB မျိုးကွဲများဖြစ်ကာ VOI အဖြစ် သတ်မှတ်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုနေသည့် မျိုးကွဲများဖြစ်ပါသည်။

**သတိပြုဆင်ခြင်စရာ ကိုဗစ်-၁၉ မျိုးဗီဇပြောင်းရောဂါပိုး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ JN.1 ကူးစက်ပျံ့နှံ့မှု မြင့်တက်လာကာ ပြည်သူ့လူထုကျန်းမာရေးထိခိုက်မှု အန္တရာယ်နည်းပါးပြီး ပြင်းထန်ရောဂါဖြစ်ပွားနိုင်မှုနည်းပါးကြောင်း ဖော်ပြထားရှိသော်လည်း အသက်အရွယ်၊ ကိုယ်ခံအား၊ ရောဂါအခံရှိမှုအပေါ်မူတည်၍ ပြင်းထန်ရောဂါများ ဖြစ်ပွားနိုင်ခြေရှိပါသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေအား လျှော့ချနိုင်သည်ဖြစ်၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး နှစ်ကြိမ်ထိုးနှံထားရှိရန်နှင့် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသော အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ခံအားနည်းနေသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လွန်စွာအရေးကြီးပါသည်။

ထို့အပြင် ပြည်သူလူထုအနေဖြင့် ပုံမှန်လူနေမှုဘဝပုံစံ (New Normal Setting)ဖြင့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို တတ်နိုင်သမျှ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတွင် ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတစ်ခုခု ခံစားနေရပါက အခြားသူများသို့ ကူးစက်မှုမရှိစေရေး လူထူထပ်သောနေရာများနှင့် အလုပ်ပိတ်နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ထားရှိကြရန်နှင့် ရောဂါလက္ခဏာများ မသက်သာပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သော ဆေးကုသမှု ခံယူကြရန် လိုအပ်ပါသည်။

ပြည်သူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ ရောဂါကာကွယ်ရေးအသိ၊ သတိများရှိပြီး မိမိအသိစိတ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကာကွယ်ရေးနည်းလမ်းများကို ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသေဆုံးမှုများအား ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

**ရည်ညွှန်းချက်**

(၁) ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm

(၂) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ WHO COVID-19 dashboard

(၃) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၉-၁-၂၀၂၄)ရက်နေ့ ထုတ်ပြန်သော COVID-19 Epidemiological Update, Edition 163

(၄) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Initial Risk Evaluation of JN.1, 19 December 2023

(၅) WHO Tracking SARS-CoV-2 variants

# ကော့သောင်းမြို့နယ်ထဲက ကျွန်းများစွာအနက် အလှပဆုံးဖြစ်တဲ့ ဆေးတံကျွန်း

**ယဉ်လာဒ်**

**လှပတဲ့ကျွန်းစုတွေကို ပိုင်ဆိုင်ထားတဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းက ကျွန်းများစွာအနက် သဲအနုးညံ့ဆုံးနဲ့ အဖြူဆုံးကျွန်းတွေထဲမှာ တစ်ခုပါဝင်တဲ့ ဆေးတံကျွန်းဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။**



ကျွန်းပေါ်၌ ညအိပ်တည်းခိုအပန်းဖြေနိုင်ရန် ဆောက်ထားပေးသော အဆောက်အအုံများ။

ယခင်က နေ့ချင်းပြန်လည်ပတ်ခွင့်သာ ခွင့်ပြုပေးထားတဲ့ ဆေးတံကျွန်းမှာ အခုဆိုရင် ညအိပ်အပန်းဖြေခွင့်ကိုလည်း ရရှိနေပြီဖြစ်ပါတယ်။

ကော့သောင်းမြို့ကနေ ၃၅ မိုင်ခန့် အကွာအဝေးမှာ တည်ရှိတဲ့ ဆေးတံကျွန်း (Saytan Island)ရဲ့ ကမ်းခြေဟာ ရှည်လျားပြီး သဲဖြူသန့်သန့်ရှိတဲ့ ကျွန်းတန်းရှည်ပုံစံမျိုး တည်ရှိပါတယ်။ ဧက ၄၀၀ ခန့် အကျယ်အဝန်းရှိတဲ့ ဆေးတံကျွန်းပေါ်မှာ Good Shan Brothers ကုမ္ပဏီက ဟိုတယ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နဲ့ ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက “အခုဆိုရင် ကျွန်းပေါ်မှာ ညအိပ်လို့ရပါပြီ။ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဖို့ ကျွန်တော်တို့ ဘက်က လိုင်စင်ခွင့်ပြုပေးလိုက်ပါပြီ”လို့ စာရေးသူကို ပြောပါတယ်။

လက်ရှိမှာ ဆေးတံကျွန်းပေါ်မှာ Good Shan Brothers ကုမ္ပဏီက ဦးစီးပြီး ဟိုတယ်တည်ဆောက်ထားကာ လတ်တလောအနေနဲ့ အခန်းပေါင်း ၃၀ ကို တည်ဆောက်ထားတယ်လို့ သိရပါတယ်။

ကော့သောင်းမြို့နယ်က ကျွန်းတွေကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်အများစုကတော့ ကယက်လှေ (Kayak)လှော်ခြင်းနဲ့ အပျော်တမ်းရေငုပ်ခြင်း(Snorkelling)ကို အဓိက ပြုလုပ်လေ့ရှိကြပါတယ်။ ဆေးတံကျွန်းတစ်ဝိုက်မှာတော့ Snorkeling လုပ်ပြီး ကြည့်ရှုစရာ nemo ငါးမျိုး အပါအဝင် ငါးမျိုးစုံမျိုးကွဲတွေ၊ ဂျယ်လီငါးတွေနဲ့ အပူပိုင်းသန္တာကျောက်တန်းနေ အခြားရေနေသတ္တဝါမျိုးစုံကိုလည်း များစွာ တွေ့မြင်နိုင်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။

ကော့သောင်းမြို့နယ်မှာရှိတဲ့ ကျွန်းပေါင်း ၈၀၀ ခန့်အနက် အလှပဆုံးကျွန်းတွေလို့ တင်စားခံရတဲ့ 115 ကျွန်း၊ ဟန်နီးမွန်းကြီးကျွန်း၊ ငါးမန်းကျွန်း၊ Pulo Balu ကျွန်း၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ တာရာကျွန်း၊ ကြက်မောက်ကျွန်း၊ ဆေးတံကျွန်း စတဲ့ ကျွန်းတွေဟာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ အဓိက လာရောက်လည်ပတ်ကြတဲ့ ကျွန်းတွေ ဖြစ်ကြပါတယ်။

ကျွန်းခရီးစဉ်တွေကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွား ဧည့်သည်အများစုဟာ နေ့ချင်းပြန်ခရီးစဉ်အနေနဲ့ လည်ပတ်ကြလေ့ ရှိပါတယ်။



**ဆေးတံကျွန်းကို လာရောက်လည်ပတ်သူတွေအနေနဲ့ ကျွန်းပေါ်မှာ နေရာစုံလည်ပတ်၊ အနားယူနိုင်ပါတယ်။ ဆေးတံကျွန်း တောင်ထိပ်ပေါ်ကနေ ကြည့်ရင် ပင်လယ်ပြင်ရဲ့ သဘာဝမြင်ကွင်းတွေနဲ့ ကျွန်းအုပ်စုတွေ ဝန်းရံထားတာကို တွေ့မြင်ရပါတယ်။ ဒ့ါပြင် Jungle Trekking လုပ်ရင်း သဘာဝ အလှတရားတွေကိုလည်း ခံစားကြည့်ရှုနိုင်ပါတယ်**

ဆေးတံကျွန်းဟာ လက်ရှိမှာ ခရီးသွားဧည့်သည်တွေ အများဆုံးသွားရောက်ကြတဲ့ ကျွန်းတစ်ကျွန်းဖြစ်ကြောင်း ကော့သောင်းအခြေစိုက်ဖွင့်လှစ်ထားတဲ့ Coral Fish Travels & Tours မှ တာဝန်ရှိသူ တစ်ဦးက စာရေးသူကို ပြောပါတယ်။

ဆေးတံကျွန်းကနေတစ်ဆင့် နာမည်ကြီးတဲ့ အသည်းပုံကျွန်းနဲ့ ဇာဒက်အော်တို့ကိုလည်း အချိန်တိုအတွင်း အလွယ်တကူ သွားရောက်လည်ပတ်နိုင်ပါသေးတယ်။ ဒုတိယ ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက “၂၀၁၅ မှာ နေ့ချင်းပြန်ခရီးစဉ်တွေကို စတင်ခွင့်ပြုပေးတုန်းက ခရီးသွားဧည့်သည်တွေက အသည်းပုံကျွန်းနဲ့ ဇာဒက်အော်ကို အဓိက လည်ပတ်ကြပါတယ်။ နေ့လယ်စာကို ဆေးတံကျွန်းမှာ စားသောက်ပြီး အနားယူကြပါတယ်။ နေ့ချင်းပြန် ခရီးစဉ်တွေ စတင်ခဲ့ကတည်းက ဆေးတံကျွန်းက လူအသိအများဆုံး ကျွန်း ဖြစ်ခဲ့တာပါ”လို့ စာရေးသူကို ပြောပြပါတယ်။

ဆေးတံကျွန်းကို လာရောက်လည်ပတ်သူတွေအနေနဲ့ ကျွန်းပေါ်မှာ နေရာစုံလည်ပတ်၊ အနားယူနိုင်ပါတယ်။ ဆေးတံကျွန်း တောင်ထိပ်ပေါ်ကနေ ကြည့်ရင် ပင်လယ်ပြင်ရဲ့ သဘာဝမြင်ကွင်းတွေနဲ့ ကျွန်းအုပ်စုတွေ ဝန်းရံထားတာကို တွေ့မြင်ရပါတယ်။ ဒ့ါပြင် Jungle Trekking လုပ်ရင်း သဘာဝအလှတရားတွေကိုလည်း ခံစားကြည့်ရှုနိုင်ပါတယ်။ ဆေးတံကျွန်းကမ်းခြေရေပြင်မှာ Snorkeling လုပ်နိုင်မယ်။ လှိုင်းလုံးတွေစီးပြီး ပင်လယ်ရေအောက်ရှုခင်းတွေကြည့်နိုင်မယ်။

ကမ်းခြေ တစ်လျှောက်မှာလည်း လမ်းလျှောက်ရင်း လေ့ကျင့်ခန်းလုပ်နိုင်မယ်။ ဒ့ါအပြင် နယ်စပ်မြို့လေးဖြစ်တဲ့ ကော့သောင်းမြို့ကနေ အိမ်နီးနားချင်းဖြစ်တဲ့ ထိုင်းနိုင်ငံ ရနောင်းမြို့ထဲက ခရီးသွားနေရာတွေကိုလည်း သွားရောက်လည်ပတ်ရင်း Shopping ထွက်နိုင်ပါတယ်။

ပင်လယ်လေကို တဝကြီး ရှူရှိုက်ခံစားရင်း ပျော်ပျော်ပါးပါး အပန်းဖြေအနားယူနိုင်ဖို့ သဘာဝက ပေးထားတဲ့ လက်ဆောင်မွန်များစွာ တည်ရှိတဲ့ တနင်္သာရီတိုင်းဒေသကြီးထဲက ကျွန်းများစွာအနက် အလှပဆုံး ကျွန်းတစ်ကျွန်းဖြစ်တဲ့ ဆေးတံကျွန်းဆီကို သွားရောက် လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အဖြစ် ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။





ဆေးတံကျွန်းကမ်းခြေ၌ အနားယူနိုင်ရန် ထားရှိပေးထားသော ခုံများနှင့် ကမ်းခြေ၏ သဘာဝအလှရှုခင်း။

# သဘောတူညီချက်ရရှိဖို့ ဝေးနေသေးတဲ့ ဂါဇာငြိမ်းချမ်းရေး

ထွန်းကျော်



ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ဆောင်ရွက်နေမှု။

**ဟားမားစ်** ခေါင်းဆောင် အစ္စမေးလ် ဟာနီယာက ဂါဇာကမ်းမြောင်ဒေသမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ရရှိအောင် ကြိုးစားတဲ့နေရာမှာ နှောင့်နှေးကြန့်ကြာအောင် လုပ်တယ်ဆိုပြီး အစ္စရေးခေါင်းဆောင်ကို စွပ်စွဲလိုက်ပါတယ်။ မိမိတို့အပေါ် ရန်လိုကျူးကျော်တိုက်ခိုက်မှုတွေ ရပ်တန့်စေဖို့နဲ့ မတရားသိမ်းပိုက်မှုတွေ အဆုံးသတ်စေဖို့၊ အကူအညီအထောက်အပံ့များ စီးဆင်းရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ခွင့်ပြုစေဖို့ အချိန်တိုင်း အပြုသဘောဆောင်စိတ်ဓာတ်နဲ့ တာဝန်ရှိရှိဖြင့် လုပ်ဆောင်လျက်ရှိတယ်ဆိုပြီး ဟားမားစ်ခေါင်းဆောင်ကတော့ ပြောခဲ့ပါတယ်။

### အချိန်ဆွဲနေတာထင်ရှား

မိမိတို့ဟာ ဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး လိုက်လျောညီထွေမှု အပြည့်အဝရှိတယ်ဆိုပြီး ပြောကြားလိုက်သော်လည်း အစ္စရေးကတော့ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုတွေမှာ အခုချိန်အထိ အချိန်ဆွဲတယ်ဆိုတာ ထင်ရှားတယ်လို့ ဟားမားစ်ခေါင်းဆောင် အစ္စမေးလ် ဟာနီယာက ပြောပါတယ်။

### အများသဘောတူ ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်

ပါလက်စတိုင်းအုပ်စုတွေကတော့ ကျူးကျော်တိုက်ခိုက်မှု အပြည့်အဝရပ်နားခြင်း၊ ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့တွေ ဆုတ်ခွာရေး၊ ဂါဇာကမ်းမြောင်ဒေသအား ဝိုင်းရံထားမှုကို ရုပ်သိမ်းရေး၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများ နေရပ်ပြန်ရေး၊ အထူးသဖြင့် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းသို့ ပြန်ရေး၊ အစားအသောက် ပြတ်လပ်မှုမှုဝါဒအဆုံးသတ်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရေးတို့ကို စိုးစဉ်းမျှ လက်ခံဖို့လွယ်ကူမည်မဟုတ်ကြောင်း၊ ဒီကိစ္စတွေဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်တွေဖြစ်ကြောင်းနဲ့ ကုလသမဂ္ဂ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးတွေမှာ အများသဘောတူ ဆုံးဖြတ်ချက်ချရမယ့်ကိစ္စရပ်များ ဖြစ်တယ်ဆိုပြီး ဟားမားစ် ခေါင်းဆောင်က ပြောလိုက်ပါတယ်။

### ဖြစ်နိုင်တဲ့နည်းနဲ့ဆောင်ရွက်သွားမယ်

မိမိတို့ရဲ့ အကာအကွယ်မဲ့ပြည်သူတွေအပေါ် ရန်သူတွေ ဆောင်ရွက်နေတဲ့ လူအမြောက်အမြားသတ်ဖြတ်မှုတွေကို ရပ်တန့်နိုင်ဖို့ ဖြစ်နိုင်တဲ့နည်းနဲ့ ဆောင်ရွက်သွားမယ်ဆိုပြီး ဟာနီယာက ဆက်လက်ပြောကြားထားပါတယ်။

ဘင်ဂျမင်နေတန်ယာဟုကတော့ ပါလက်စတိုင်းအကျဉ်းသားတွေ ပြန်လည်လွှတ်ပေးရေး သို့မဟုတ် ဂါဇာမှ အစ္စရေးတပ်ဖွဲ့တွေ လွှတ်ပေးရေးတွေပါဝင်တဲ့ ဘယ်လိုပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မျိုးကိုမဆို လက်ခံသွားမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

### ကိုင်ရိုကိုသွားမယ်

တစ်ဖက်မှာလည်း ဟားမားစ်ခေါင်းဆောင် အစ္စမေးလ်ဟာနီယာက အဆိုပြုချက်တွေကို ဆွေးနွေးရန် ကိုင်ရိုကိုသွားဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဟာနီယာကတော့ မိမိတို့အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ ဂါဇာမှာ အစ္စရေးတပ်ဖွဲ့ရဲ့ထိုးစစ်ဆင်မှုကို အဆုံးသတ်ခြင်းပဲဖြစ်သလို အစ္စရေးတပ်ဖွဲ့တွေကို ပိုက်နက်နယ်မြေမှ အပြီးအပိုင် ဆုတ်ခွာရေးတွေလည်းပါပါတယ်။

### မဖြစ်မနေကြိုးပမ်းအားထုတ်သွားမယ်

အစ္စရေးက အဲဒီလိုမျိုးစည်းကမ်းသတ်မှတ်ချက်တွေကို လက်ခံနိုင်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေရသော်လည်း အီဂျစ်၊ ကာတာနဲ့ အမေရိကန်တို့ကတော့ ဓားစာခံများအကုန်လုံးနီးပါး ပြန်လည်လွှတ်ပေးနိုင်ဖို့ အနည်းဆုံး တစ်လလောက်ကြာတဲ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို နှစ်ဖက်စလုံးက သဘောတူနိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။ ပါရီတွေ့ဆုံဆွေးနွေးမှုအတွင်းမှာ မူဘောင်တစ်ခုအနေနဲ့ ဖော်ပြမယ့် အဲဒီအဆိုပြုချက်ကို အီဂျစ်၊ ကာတာ၊ အမေရိကန်နဲ့ အစ္စရေးတို့ကြားမှာ အဖြေရရှိတဲ့အထိ မဖြစ်မနေကြိုးပမ်းအားထုတ်သွားမှာ ဖြစ်ပါတယ်။ ဟားမားစ်စေ့စပ်ညှိနှိုင်းဆွေးနွေးသူတွေကတော့ မတက်ရောက်ခဲ့ပါဘူး။

### တိကျတဲ့စစ်ပွဲ အောင်မြင်မှုမရဘဲ ဂါဇာမှဆုတ်ခွာမည်မဟုတ်

နေတန်ယာဟုကတော့ တိကျတဲ့ စစ်ပွဲအောင်မြင်မှုမရရှိဘဲ သူ့တပ်ဖွဲ့တွေ ဂါဇာမှ ဆုတ်ခွာသွားမယ့် ဘယ်လိုမျိုး သဘောတူညီမှုမျိုးကိုမဆို အေးစက်စက်ဖြစ်ခဲ့ပါတယ်။ ဂါဇာစစ်ပွဲဟာ နောက်တစ်ချီ ဟားမားစ်တို့နဲ့ နွှဲရမယ့်ပွဲမဟုတ်ကြောင်းနဲ့ အစ္စရေးတို့ရဲ့ ရည်ရွယ်ချက် မအောင်မြင်မချင်း အဆုံးသတ်လိမ့်မှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။ ဓားစာခံများ လွှတ်ပေးရေးဖြစ်နိုင်ခြေရှိတဲ့ အစီရင်ခံစာတစ်ခုမှာလည်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့တွေဟာ ဂါဇာက ထွက်ခွာသွားမှာမဟုတ်ဘူးလို့ အစ္စရေးဝန်ကြီးချုပ်ဟာ ပြောကြားခဲ့ပါတယ်။

ထို့အတူ သူ့အနေနဲ့ အကြမ်းဖက်သမားတွေကို ထောင်ချီ လွှတ်ပေးဖို့ ရည်ရွယ်ချက်မရှိဘူးလို့ ပြောခဲ့ပါတယ်။

### အကျဉ်းသားလွှတ်ပေးရေးပါဝင်

အဆိုပြုချက်ရဲ့ ပထမအဆင့်မှာ ရက်သတ္တပတ်ခြောက်ပတ်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ အပြန်အလှန်အနေဖြင့် ဓားစာခံ ၃၅ ဦးလွှတ်ပေးရေးပါဝင်ပါတယ်။ အဲဒီဓားစာခံတွေထဲမှာ အရပ်သားအမျိုးသမီး၊ သက်ကြီးယောက်ျားများ၊ နေမကောင်းဒဏ်ရာရရှိသူများ ပါဝင်ပါတယ်။ အပြန်အလှန်အနေဖြင့် အစ္စရေးက ပါလက်စတိုင်းအကျဉ်းသား ရာချီလွှတ်ပေးရမှာ ဖြစ်ပါတယ်။

### သဘောတူညီချက်ရဖို့ ဝေးနေသေး

ဒုတိယအဆင့်မှာ အမျိုးသား၊ အမျိုးသမီးစစ်သားတွေ ပါဝင်ပြီး တတိယအဆင့်ကတော့ သေဆုံးဓားစာခံတွေ ပြန်လည်ရရှိရေးတို့ ပါဝင်ပါတယ်။ နေတန်ယာဟုတစ်ယောက် အစိုးရအဖွဲ့အတွင်း ကွဲလွဲမှုတွေနဲ့ ရင်ဆိုင်နေရပြီး ဒီအဆိုပြုချက်ဟာ သူ့ရဲ့အစိုးရကို ပြိုလဲစေမှာဖြစ်တယ်လို့ ပြောထားပါတယ်။ ဒါကြောင့် လတ်တလောမှာတော့ ဂါဇာငြိမ်းချမ်းရေးဟာ သဘောတူညီချက်ရဖို့ ဝေးနေသေးပါတယ်။

ကိုးကား - ဆင်ဟွာ

○ **ဟားမားစ်ခေါင်းဆောင် ဟာနီယာကတော့ မိမိတို့အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ ဂါဇာမှာ အစ္စရေးတပ်ဖွဲ့ရဲ့ ထိုးစစ်ဆင်မှုကို အဆုံးသတ်ခြင်းပဲဖြစ်သလို အစ္စရေးတပ်ဖွဲ့တွေကို ပိုက်နက်နယ်မြေမှ အပြီးအပိုင် ဆုတ်ခွာရေးတွေလည်း ပါပါတယ်**

◆ **နေတန်ယာဟုကတော့ တိကျတဲ့ စစ်ပွဲအောင်မြင်မှုမရရှိဘဲ သူ့တပ်ဖွဲ့တွေ ဂါဇာမှ ဆုတ်ခွာသွားမယ့် ဘယ်လိုမျိုး သဘောတူညီမှုမျိုးကိုမဆို အေးစက်စက်ဖြစ်ခဲ့ပါတယ်။ ဂါဇာစစ်ပွဲဟာ နောက်တစ်ချီ ဟားမားစ်တို့နဲ့ နွှဲရမယ့်ပွဲမဟုတ်ကြောင်းနဲ့ အစ္စရေးတို့ရဲ့ ရည်ရွယ်ချက် မအောင်မြင်မချင်း အဆုံးသတ်လိမ့်မှာမဟုတ်ဘူးလို့ ပြောကြား**

# ပထော်ရေလှောင်တမံ၌ ဆိုလာစွမ်းအင် ၃ ဒသမ ၇၇ မီဂါဝပ် ထုတ်ပေးနိုင်မည့် ရေပေါ်ဆိုလာစီမံကိန်း ဆောင်ရွက်လျက်ရှိ

**ကျွန်းစု ဖေဖော်ဝါရီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထော်ကျေးရွာရှိ ပထော်ရေလှောင်တမံ၌ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် မြန်မာဆိုလာပါဝါထရေးဒင်း ကုမ္ပဏီလီမိတက်တို့က တပ်ဆင်ဆောင်ရွက်လျက်ရှိသည့် ဆိုလာစွမ်းအင် ၃ ဒသမ ၇၇ မီဂါဝပ် ထုတ်ပေးနိုင်မည့် ရေပေါ်ဆိုလာစနစ်လုပ်ငန်း စီမံကိန်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ဖေဖော်ဝါရီ ၁၆ ရက်တွင် သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ရေပေါ်ဆိုလာစနစ်လုပ်ငန်း စီမံကိန်းသည် ပထော်ရေလှောင်တမံအတွင်း ရေပြင်အကျယ်အဝန်း ခုနစ်ဧကတွင် ဆိုလာအချပ်ရေ စုစုပေါင်း ၆၃၈၄ ချပ် တပ်ဆင်ဆောင်ရွက်ထားရှိပြီး ဆိုလာစွမ်းအင် ၃ ဒသမ ၇၇ မီဂါဝပ် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၅၅ ကီလိုဝပ် အင်ဗာတာ ၁၂ လုံးဖြင့် ဆိုလာစွမ်းအင်များကို ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ အအေးခန်းစက်ရုံနှင့် စက်ရုံအလုပ်ရုံများ၊ မကြာမီတည်ဆောက်မည့် ဆီအုန်းဆီချောစက်ရုံနှင့် ပထော်/ပထက်ကျွန်းပေါ်ရှိ ဒေသခံပြည်သူများပါ ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။


ရေပေါ်ဆိုလာစီမံကိန်း ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

ရေပေါ်ဆိုလာစနစ်လုပ်ငန်း စီမံကိန်း ရှင်းလင်းဆောင်တွင် ဝန်ကြီးချုပ်နှင့်အဖွဲ့အား ပြည့်ဖြိုးထွန်းကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးလှသန်းက ရေပေါ်ဆိုလာစနစ်လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဦးဇော်မင်းဦးက ရေပေါ်ဆိုလာစနစ် တပ်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပထက်ကျေးရွာတွင် ပြည့်ဖြိုးထွန်းကုမ္ပဏီက မကြာမီတည်ဆောက်မည့် တန် ၆၀ ကျ ဆီအုန်းဆီချော စက်ရုံမြေနေရာကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ ပြည့်ဖြိုးထွန်းကုမ္ပဏီသည် တနင်္သာရီမြို့နယ် မောတောင်မြို့၌ ဆီအုန်း ဧက ၁၅၀၀၀ စိုက်ပျိုးထားရှိပြီး ဧက ၈၀၀၀ ခန့်မှ ဆီအုန်းအသီး ရရှိနေပြီဖြစ်ကာ ဆီချောစက်ရုံမရှိသေးသဖြင့် ဆီကြမ်းထုတ်လုပ်ပြီး မြိတ်မြို့ဆိပ်ခံတံတားမှ ရန်ကုန်သို့ ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ကချင်ရိုးရာအစားအစာ ချက်ပြုတ်နည်းသင်တန်း မြစ်ကြီးနားမြို့၌ ဖွင့်လှစ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇**

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ချက်ပြုတ်စားသောက်နိုင်ရန် ရည်ရွယ်ပြီး ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်းကာ 'ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရများအကြောင်း သိကောင်းစရာဟောပြောပွဲနှင့် ရိုးရာအစားအစာ ချက်ပြုတ်နည်းသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ကျင်းပဖွင့်လှစ်သည်။

ဟောပြောပွဲတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ပြင်ဆင်ချက်ပြုတ် စားသုံးပါက ရောဂါကင်းစင်ပြီး ပျော်ရွှင်ကျန်းမာသော လူမှုဘဝများကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ဒုတိယပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှိုင်လှိုင်ဌေးက 'ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရများအကြောင်း သိကောင်းစရာ' ခေါင်းစဉ်ဖြင့် ဟောပြောသည်။



ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းစသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ရိုးရာအစားအစာ ချက်ပြုတ်နည်းသင်တန်းကို ဆက်လက်ဖွင့်လှစ်ရာ သင်တန်းနည်းပြက ကြက်ကချင်ချက်၊ ဝက်ကချင်ချက်၊ စီပါ၊ ပိန်းဥဟင်းရည်နှင့် ငါးဂျူးမြစ်ထောင်းအစရှိသည့် ကချင်ရိုးရာအစားအစာချက်ပြုတ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချကာ နာယကနှင့်အတူ ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များက လက်တွေ့ချက်ပြုတ်ကြပြီး ချက်ပြုတ်ထားသည့် ဟင်းလျာများကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ (ဓာတ်ပုံ)

**ပြည်နယ် (ပြန်/ဆက်)**



# ဒေးဒရဲမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ စမ်းသပ်မဲပေးနိုင်ရန် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၁၆ ရက်က ဆောင်ရွက်ပေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုအသုံးပြု၍ မဲပေးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများနှင့်အတူ ၎င်းမဲပေးစနစ်သည် ရိုးရှင်းပြီး လုံခြုံစိတ်ချရသည့်စနစ်ဖြစ်သောကြောင့် အီလက်ထရောနစ်မဲပေးစက်များ အသုံးပြုခြင်းအားဖြင့် လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးတွင် ကြီးစွာသော အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်လင်းဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးမှုနှင့် စပ်လျဉ်းသည်များကို အသေးစိတ်ရှင်းလင်းပြသပြီးနောက် ဒေသခံမဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့မဲပေးမှုကို လေ့လာခဲ့ကြသည်။

**အေဇာလင်း**

# မက်မန်းမြို့၌ (၂၈) ကြိမ်မြောက် လားဟူစာပေနှင့် ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကျင်းပ

**မက်မန်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာ၌ လားဟူတိုင်းရင်းသားတို့၏ (၂၈) ကြိမ်မြောက် လားဟူစာပေနှင့် ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည်။

နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က လားဟူတိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးစွာဖြင့် နေထိုင်ခဲ့ကြကြောင်း၊ ယနေ့ကျရောက်သည့် (၂၈) ကြိမ်မြောက် နှစ်သစ်ကူးပွဲတော်တွင် လားဟူတိုင်းရင်းသားများအနေဖြင့် အသက်ရှည်၍ စိုက်ပျိုးသော ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းပါစေကြောင်း ဆုတောင်းအမှာစကား ပြောကြားသည်။



ထို့နောက်လားဟူစာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်ဦးယောနက မြန်မာနိုင်ငံလုံးဆိုင်ရာ လားဟူစာပေနှင့် ရိုးရာယဉ်ကျေးမှု အသင်းချုပ်မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးယောရှုက လားဟူနှစ်သစ်ကူးပွဲတော်အကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လားဟူတိုင်းရင်းသားများက ရှေးရိုးရာ ဘူးသီးခြောက်တူရိယာများဖြင့် တီးမှုတ်ဖျော်ဖြေခြင်း၊ ရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား လက်ဆေးမင်္ဂလာပြုလုပ်ခြင်း၊ လားဟူရိုးရာလွယ်အိတ်၊ ခေါင်းပုတ်နှင့်ဝက်သားများကို လက်ဆောင်ပေးအပ်ခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်းများဆောင်ရွက်၍ နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**စောဥမ္မာ (ပြန်/ဆက်)**


မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း ဖေဖော်ဝါရီ ၁၄ ရက်က လှည့်လည်သတိပေးနှိုးဆော်နေစဉ်။

ဘာမီသာ (ပခုက္ကူ)

# ခန္တီး - ဆင်သေ - လဟယ်လမ်းပိုင်းနှင့် ပါဆောင်-ပါရိုး-ထန်ပါခွေလမ်းပိုင်းများ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက်က လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)မှ တာဝန်ယူဆောင်ရွက်နေသည့် ခန္တီး - ဆင်သေ - လဟယ်လမ်းပိုင်း ကီလိုမီတာ ၁၆ နှင့် ၁၇ ကြား၌ လမ်းအကျယ် ၁၈ ပေ၊ ကွန်ကရစ်ထုကိုးလက်မ နှင့် အရှည်ပေ ၃၂၉ မီတာ ဆောင်ရွက်နေမှုနှင့် လမ်းကျဉ်းနေရာများတွင် တောင်ဖြိုလမ်းချဲ့ခြင်း လုပ်ငန်း အရှည်မီတာ ၂၂၀ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ထွန်းလင်းက ရှင်းလင်း တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အခန်း ကဏ္ဍများလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်သော ကြောင့် ယခုပွင့်လင်းချိန်တွင် သွားလာမှုခက်ခဲသည့် နေရာများကို အဆင်ပြေချောမွေ့စွာ သွားလာ နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လဟယ်မြို့နယ် ထန်ပါခွေမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန် ထမ်းဆောင်နေကြသော ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် အဆိုပါကျောင်းဝင်းအတွင်း ဆောက်လုပ်လျက် ရှိသည့် အာစီရုံနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုခဲ့ပြီး သတ်မှတ် အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထန်ပါခွေဒေသသည် ပင်လယ် ရေမျက်နှာပြင်အထက် ပေပေါင်း ၅၁၁၆ တွင် တည်ရှိသော တည်ငြိမ်အေးချမ်းသည့်ဒေသ ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရန် နှင့်ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဒေသ၏စိုက်ပျိုးစွမ်းအား ကောင်းမွန် ရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ထိန်းသိမ်း နိုင်ရေးအတွက်လည်း တောင်ယာစိုက်ပျိုးမှုစနစ်မှ လှေကားထစ် စိုက်ပျိုးမှုစနစ်သို့ ပြောင်းလဲခြင်းနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးနိုင်ကြစေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ကာ နည်းပညာ ပေးသင်တန်းများ၊ စက်မှုပိုင်းဆိုင်ရာနှင့် အခြား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ယခုလို ဝေးလံပြီး သွားလာရေး ခက်ခဲကာ၊ စားသောက်စရိတ် မြင့်မားသော နေရာတွင်လာရောက် တာဝန်ထမ်း ဆောင်ပေးကြသည့်အတွက်လည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တိုင်းဒေသကြီး အဆင့်ဌာန ဆိုင်ရာများမှ မိမိတို့ဌာနများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ နှင့် ထန်ပါခွေမြို့ ရိုးရာယဉ်ကျေးမှုအဖွဲ့အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲကို အေးချမ်းစွာ ဆက်လက်ဖြေဆို

**သရက်ချောင်း ဖေဖော်ဝါရီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်း မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် အခြေခံပညာအတန်း များနှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က စတင်ဖြေဆိုလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လည်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက် ရှိကြောင်းသိရသည်။



သရက်ချောင်းမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများတွင် Grade-4 ကျောင်းသား ကျောင်းသူများက တစ်ရက်လျှင် နှစ်ဘာသာ နှုန်းဖြင့် ဖေဖော်ဝါရီ ၁၅ ရက်အထိ ဖြေဆို ခဲ့ကြပြီး Grade-6၊ Grade-7၊ Grade-8၊ Grade-10၊ Grade-11၊ Grade- 12 မှ ကျောင်းသား ကျောင်းသူများက တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် ဖေဖော်ဝါရီ ၂၀ ရက်အထိ ဖြေဆိုမည်ဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ Grade-5 နှင့်Grade-9 ကျောင်းသား ကျောင်းသူများက တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် ဆက်လက်ဖြေဆိုမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရ သည်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)



သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သော ပြရေ- ပုထိုးလမ်း ၂/၂ မိုင် ကျောက်ချောလမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်း များကို ဖေဖော်ဝါရီလ ဒုတိယပတ်က မြို့နယ်အရည်အသွေး စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းအရည်အသွေး ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းဆေးကုသ

**သနပ်ပင် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သည့် ဆေးကုသရေးအဖွဲ့သည် သနပ်ပင်မြို့နယ် (၂၅) ခု တင်ဆံ့ပြည်သူ့ ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများအားကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။



အထူးဆေးကုသရေးအဖွဲ့ ပဲခူးတိုင်းဒေသကြီး ဒုတိယကုသရေး ဦးစီးဌာနမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် မြို့နယ်ဆရာဝန်ကြီး ခွန်စောထွန်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေး ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ အဆိုပါ ဆေးကုသ ရေးအဖွဲ့တွင် အထူးကုဆရာဝန်ကြီးများက လူနာ ၆၆၆ ဦးအား ကြည့်ရှုကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

## မုဒုံမြို့၌ နွေရာသီအားကစားနည်းသင်တန်းငါးမျိုး အခမဲ့ဖွင့်လှစ်မည်

**မုဒုံ ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလများ၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားကစားနည်း ငါးမျိုးကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အခမဲ့သင်ကြား ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်းရှိ အားကစား ဝါသနာရှင် လူငယ်မောင်မယ်များ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေပြီး အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပြည်နယ်အတွင်း ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ အားကစားနည်းသင်တန်းငါးမျိုးကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဒေါ်နွယ်နီစံက ပြောသည်။

သင်တန်းဖွင့်လှစ်မည့် အားကစားနည်းများမှာ ဘောလုံးအားကစား နည်း၊ ဖူဆယ် အားကစားနည်း၊ ကြက်တောင်ရိုက် အားကစားနည်း၊ ဘတ်စကတ်ဘော အားကစားနည်း၊ ဂေါက်သီးရိုက် အားကစားနည်း ငါးမျိုးအပြင် အခြားအားကစားနည်းများတို့ကို ဖေဖော်ဝါရီ ၂၃ မှ မတ် ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## ညောင်ပင်ရွာ ကျေးလက်လမ်း အဆင့်မြှင့်တင်ပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာသို့ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်း အရှည်ခုနစ်ဖာလုံကို ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ ဒသမ ၈၅ သန်းဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၉ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။ ကတ္တရာလမ်းအဆင့်မြှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မိမိလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကြည့်ရှုစစ်ဆေးပြီး ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကတ္တရာလမ်း ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ယွန်းပညာကောလိပ်(ပုဂံ) နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အာစရိယပူဇော်



မန္တလေး ဖေဖော်ဝါရီ ၁၇

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ် (ပုဂံ) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစားကျောင်းအုပ်ကြီးများနှင့် အငြိမ်းစားဆရာဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် ယွန်းလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ရှိ ယွန်းပညာကောလိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က နှုတ်ဆက်စကားပြောကြားပြီး ကန်တော့ခံ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစားကျောင်းအုပ်ကြီးများ၊ အငြိမ်းစားဆရာဆရာမကြီးများအား ယွန်းပညာကောလိပ်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ကန်တော့ကြသည်။ ဆက်လက်၍ ကန်တော့ခံများကိုယ်စား အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစိန်သန်းက ဆုပေးစကား ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကျင်းပရာ အသေးစားစက်မှုလုပ်ငန်းဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးက အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာမျိုးညွန့်အောင်က ယွန်းထည်လုပ်ငန်း အတတ်ပညာဆိုင်ရာ ရှေးဟောင်းသုတေသန အထောက်အထားများ ဦးမောင်မောင်က ယွန်းအတတ်ပညာဖြင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးရေး၊ ဒုတိယကျောင်းအုပ်ကြီး (ငြိမ်း) ဦးမောင်ချိုက ခေတ်အလိုက် ပြောင်းလဲလာသော ယွန်းဒီဇိုင်းများနှင့် ဦးအောင်ကျော်ထွန်းက ယွန်းထည်ဈေးကွက်ခေါင်းစဉ်များဖြင့် စာတမ်းများ ဖတ်ကြားပြီး သုံးသပ်ဆွေးနွေးခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## ရာသီကြိုခြေစမ်းပွဲတွင် ရန်ကုန်၊ ဟံသာဝတီ၊ အား/ကာသိပ္ပံနှင့် မဟာယူနိုက်တက် အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

MNL Cup ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် ဖေဖော်ဝါရီ ၁၇ ရက်က ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

နံနက်ပိုင်းကျင်းပသည့် ခြေစမ်းပွဲများတွင် အား/ကာသိပ္ပံအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ညနေပိုင်းကျင်းပသည့် ခြေစမ်းပွဲများတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟံသာဝတီယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒဂုံဆိပ်ကမ်းအသင်းအတွက် ငြိမ်းချမ်းက ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း တိုက်စစ်မှူး လမင်းထွေးက ရန်ကုန်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီအသင်းအတွက် သန်းတိုးအောင်နှင့် နေမိုးနိုင်တို့က ဂိုးများသွင်းယူပြီး မြဝတီအသင်းအတွက် ဂိုးကို ပယ်နယ်တီမှတစ်ဆင့် ရဲမိုးယံက သွင်းယူခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် လာမည့်တစ်ပတ်တွင်လည်း ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

## အသစ်နှင့် ဈေးနှုန်းထက်ဝက်ကွာဟမှုကြောင့် လက်ပ်တော့(အဟောင်း)များ ဈေးကွက်အတွင်း လူစိတ်ဝင်စားမှုမြင့်တက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အသစ်နှင့်ဈေးနှုန်းထက်ဝက်ကွာဟမှုကြောင့် လက်ပ်တော့(အဟောင်း)များမှာ ဈေးကွက်အတွင်း လူစိတ်ဝင်စားမှုမြင့်တက်ကာ ဝယ်ယူမှုများပြားနေကြောင်း Laptop (Second) ရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

"အခုနောက်ပိုင်း အသစ်ဝယ်တာထက် Second ကို ပြန်ပြီးဝယ်တဲ့သူကများတယ်။ Second ကို ပိုပြီးဝယ်သုံးကြတာပေါ့။ အဓိကကတော့ ဈေးက အသစ်ဈေးနှုန်းထက် Second ဈေးနှုန်းကို ကြည့်ကြတာများတယ်။ အသစ်ဈေးနဲ့က ထက်ဝက်နီးပါးလောက် ကွာတာကြောင့် အသစ်ဝယ်ကြတာထက်စာရင် Second ကို ပိုပြီးစိတ်ဝင်စားမှုများတဲ့သဘောပေါ့" ဟု Laptop (Second)ရောင်းဝယ်ရေးဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ Laptop(Second) များတွင် အများစုမှာ သင်တန်းများ၊ ကုမ္ပဏီများ၊ ရုံးဌာနများနှင့် အိမ်သုံးများမှ ပြန်လည်ရောင်းချကြသူများဖြစ်ကြပြီး မော်ဒယ်အလိုက် ဈေးနှုန်းပြောင်းလဲမှုများရှိကြောင်း Laptop (Second)ရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

လက်ပ်တော့နှင့် ဆက်စပ်ပစ္စည်းအများစုကို ကျပ်ငွေဖြင့်ရောင်းသော်လည်း တန်ဖိုးကို ဒေါ်လာဖြင့်သာ သတ်မှတ်ထားလေ့ရှိပြီး ရောင်းချချိန်တွင် ပြင်ပဒေါ်လာဈေးကွက်မှ ဈေးနှုန်းအပေါ် မူတည်၍ မြန်မာငွေဖြင့် ဈေးနှုန်းတွက်ချက်ရောင်းချသည့် ဈေးကွက်တစ်ခုလည်းဖြစ်ကြောင်း ကွန်ပျူတာဆိုင်အချို့မှ သိရသည်။

"အခုက ကျွန်တော်တို့ အနေနဲ့ အသစ်ထက် လက်ပ်တော့အဟောင်းကို ဝယ်ကြတာများတာပေါ့။ တချို့ Second အလုံးတွေဆို အသစ်နီးပါးလောက် ကောင်းတာ။ ဈေးကလည်းကွာတော့ ဝယ်ကြတာဖြစ်မှာပါ။ ဒါပေမယ့် အသစ်ကိုသုံးတဲ့သူလည်း ရှိမှာပါ။ ဈေးကွက်ထဲမှာ Second ကို သုံးတဲ့သူတွေက အရင်ထက် ပိုများလာတဲ့ သဘောဖြစ်မယ်" ဟု ရန်ကုန်မြို့ရှိလက်ပ်တော့ ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်သူတစ်ဦးက သုံးသပ်ပြောကြားသည်။ **သစ်တော်**

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ၁၃ ရက်တွင် သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ တရားမဝင် အခြားသစ် ဝ ဒသမ ၂၂ဝ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၈ဝ ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့အဝင်ဂိတ်၌ လိုင်စင်မဲ့ Yamaha 15 မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ဝဝဝဝဝ နှင့် ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဝဝဝဝဝဝ တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းတုန်းမြို့နယ်၌ တရားမဝင် စက်သုံးဆီဓာတ်ဆီ ၅၆ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄ဝဝဝဝ နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Shayang 110 မော်တော်ဆိုင်ကယ်တစ်စီး၊ Luojia 110 မော်တော်ဆိုင်ကယ်တစ်စီးနှင့် New Zhineng 125 မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝဝဝဝဝဝ တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် မကွေးမြို့အဝင်ဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ဝဝဝဝဝ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်မြို့ ရုံးရပ်ကွက် ကမ်းနားလမ်းနှင့် စိန့်မေရီလမ်းထောင့်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၂၇၇၂ ဂါလန်နှင့် ဒီဇယ်ဆီ ဂါလန် ၄၂ဝ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၉၂၃၂ဝ၊ Paraffin Liquit တံဆိပ်ပါ ပလတ်စတစ်ပီပါခွံရှစ်လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ဝဝဝဝ နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Hino Ranger Truck တစ်စီးနှင့် Nissan Condro Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဝဝဝဝဝဝဝ ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝဝ၃၄၉၃ဝဝ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ ကျားစီးရှူးဖိနပ်အရန် ၂၃ဝဝ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၃ဝဝဝဝ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် HOWO A7 Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ဝဝဝဝဝဝဝ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၃ဝဝဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တီရှပ်အင်္ကျီ ၂၇၈ ထည်၊ Latte ခေါင်းလျှော်ရည် ၂၂၄ ဘူးအပါအဝင် ကုန်ပစ္စည်း ၁၃၉ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၁၈ဝဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ဝဝဝဝဝ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက် ပင်လုံလမ်းမအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၂၅၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ဝ၇၂ဝဝ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ဝ၇၂ဝဝ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၃ဝ၄၅ဝဝ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါ သတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည် -

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ် ၁ ခု ချင်းစီအား မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size - 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၁၀၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၁)၊ ဦးပိုင်အမှတ်(၂၃)/၅၉ x ၆၀ကြား၊ ၃၈ x ၃၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဥာဏ်လင်းထွန်း ၉/အမဇ(ပြု)၀၀၀၁၂၈ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၅၇/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမိုးအေး ၁၃/လရန(နိုင်)၀၅၃၆၅၇ က ၎င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်ကြောင့် မီး မလောင်ပါစေနှင့်**

### နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မအိနှင်းမှူန် ၁၀/ကထန(နိုင်)၁၄၃၉၈၄၏ နိုင်ငံကူးလက်မှတ် MG 275379 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၉၅၃၀၂၇


# ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ နွေစပါးစိုက်ဧကခြောက်သောင်းကျော်ကို စိုက်ပျိုးရေပေးဝေမည်

**ပဲခူး ဖေဖော်ဝါရီ ၁၇**

ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျမှုများမရှိစေရေးနှင့် စိုက်ပျိုးဧကများတိုးတက်လာစေရေး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ပြည်)ရုံးလက်အောက်ရှိ ရေလှောင်တမံများမှ နွေစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေများ စတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး (ပြည်) ရုံး လက်အောက်ရှိ ရေလှောင်တမံများမှ ၂၀၂၂ - ၂၀၂၃ခုနှစ်တွင် နွေစပါး ၅၆၈၄၆ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့ပြီး လျာထားချက်ထက်ကျော်လွန်ကာ စိုက်ဧက ၆၀၄၈၉ ဧကကို ရေပေးဝေနိုင်ခဲ့သည်။

ထို့ကြောင့် ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် နွေစပါးစိုက်ဧက ၆၀၄ ဧက (စိုက်ပျိုးရေတိုးမြှင့်ပေးဝေရန် လျာထားသည်။ ယင်းလျာထားမှုသည် ယခင်နှစ်နွေစပါးရေပေးဝေမှုလျာထားချက်ထက် ၃၃၉၄ ဧကတိုးမြှင့်လျာထားခြင်းဖြစ်သည်။ အဆိုပါ နွေစပါးစိုက်ပျိုးဧကများအတွက် စိုက်ပျိုးရေကို ပြည်ခရိုင်ရှိ မြောက်နဝင်းဆည်မှ ဧက ၂၀၂၆၀၊ တောင်နဝင်းဆည်မှ ၅၉၉၆ ဧက၊ ရွှေတောင်ဆည်မှ ၆၈ ဧက၊ ညောင်ကိုင်းဆည်မှ ဧက ၄၅၀၊ ကန်ကြီးကုန်းဆည်မှ ၁၅၅ ဧကနှင့် ခဝါဆည်မှ ၂၇၇ ဧက ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

နတ်တလင်းခရိုင်တွင် ဆည်များဖြစ်သော ဝဲကြီးဆည်ရေဖြင့် ၂၂၇၁၂ ဧက၊ မြောက်နဝင်းဆည်ရေဖြင့် ၂၂၅၅ ဧကနှင့် တောင်နဝင်းဆည်ရေဖြင့် ၈၀၆၇ ဧကကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။ ထို့ပြင် ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ နွေစပါးစိုက်ပျိုးဧကများ ရေလုံလောက်စွာရရှိရေးအတွက် တမံပိတ် လျှပ်စစ်ရေတင်နှင့် ဆိုလာရေတင် စသည့် နည်းလမ်းများဖြင့်လည်း နွေစပါးစိုက်ဧက ၆၃၇၂ ဧကကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သဖြင့် စုစုပေါင်း နွေစပါးစိုက်ဧက ၆၆၆၁၂ဧကကို ရေပေးဝေသွားမည် ဖြစ်သည်။

ယင်းသို့ နွေစပါးစိုက်ပျိုးရေ ဖူလုံပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ပြည်)ရုံးအနေဖြင့် ကျေးတောဆည် တည်ဆောက်ခြင်း၊ မင်းဆည်တည်ဆောက်ခြင်း၊ မြောင်းပေါင်များမြှင့်ပေးခြင်း၊ သဲနုန်းများဆယ်ခြင်း၊ ရေကူးမြောင်းများပြုပြင်ခြင်း၊ ရေတံခါးများ ပြုပြင်တပ်ဆင်ပေးခြင်း၊ မြောင်းများတူးဖော်ခြင်း၊ ကွန်ကရစ်လိုင်နင်ပြုပြင်ခြင်း၊ တောရှင်းခြင်းနှင့် မြောင်းမကြီး ပုံစံကျပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ခရိုင်အတွင်း ဆောင်ရွက်ပေးသည်။



ပန်းတောင်းမြို့နယ် ညောင်ကိုင်းဆည်မှ ဆည်ရေပေးဝေမှု။

လာမည့် ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင်လည်း နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်း ရေတံခါးတည်ဆောက်ခြင်း၊ ရေထိန်းတာများတည်ဆောက်ခြင်း၊ ကျေးလက်မြောင်း ပြန်လည်တူးဖော်ခြင်း၊ ရေလွှဲဆည် တည်ဆောက်ခြင်း၊ ရေကျအဆောက်အအုံပြုပြင်ခြင်းနှင့် မြေသားမြောင်း ပုံစံကျပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ တိုးတက်လာမည့် နွေစပါးစိုက်ဧကများကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ပြည်၊ ပေါင်းတည်၊ ပန်းတောင်နှင့် ပေါက်ခေါင်းမြို့နယ်များရှိ နွေစပါးစိုက်ပျိုးဧက ၂၈၅၁ ဧကကို ထပ်မံတိုးချဲ့ ရေပေးဝေနိုင်မည် ဖြစ်သည်။

**ဇော်လင်းထွဋ်**





## မင်းလှ၌ လျှပ်စစ်ဒယ်နီအိုး အပူလွန်ကဲမှုကြောင့် ဝိုင်ယာကြိုးရှော့ဖြစ်ပြီး နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွား

**မင်းလှ ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စာနီစုအုပ်စု စာနီစုကျေးရွာ၌ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က လျှပ်စစ်ဒယ်နီအိုး အပူလွန်ကဲမှုကြောင့် ဝိုင်ယာကြိုးရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ နေအိမ် သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စာနီစုကျေးရွာနေ ဒေါ်တင်တင်ချို၏နေအိမ် သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း နှစ်ထပ်နေအိမ်မှ လျှပ်စစ်ဒယ်နီအိုးအပူလွန်ကဲမှုကြောင့် ဝိုင်ယာကြိုးရှော့ဖြစ်ပြီး နေအိမ်မှတစ်ဆင့် မီးစတင်လောင်ခဲ့၍ ခြေရင်းဘက်ရှိ ဒေါ်စိန်ကြည် သွပ်မိုး၊ ထရံကာ တစ်ထပ်အိမ်(လူမနေ)နှင့် ဦးမိုးအေး သွပ်မိုး၊ ထရံကာ တစ်ထပ်အိမ်(လူမနေ)တို့ကို မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူးဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ စစ်ကွင်းမီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။ မီးပေါ်ဆစွာသုံးစွဲသူ ဒေါ်တင်တင်ချိုအား စစ်ကွင်းနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## ဆိုလာဖြင့်ဘက်ထရီ အားသွင်းရာမှ နေအိမ် ၂၄ လုံးမီးလောင်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် (ဠ)ရပ်ကွက် ကံကြီးကုန်းရပ် ၁၂၅ လမ်းနှင့် ၁၂၆ လမ်း၊ လမ်း ၅၀ နှင့် ၅၁ လမ်းကြား နေအိမ်တွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီ ၅ မိနစ်ခန့်က ဆိုလာဖြင့် ဘက်ထရီအိုး အားသွင်းရာမှ ဘက်ထရီအိုးပွင့်ပြီး အနီးရှိ အဝတ်ပုံပေါ်သို့ မီးကူးစက်လောင်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေအိမ် ၂၄ လုံး၊ ဆိုင်ကယ်တစ်စီးနှင့် အတွင်းပစ္စည်းများ မီးလောင်ပြီး အိမ်ထောင်စု ၁၈ စု၊ အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၇၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးလောင်ရာသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို ဦးစီးပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ် ၈၀၊ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ငါးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**



## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါလုပ်ငန်း/ဆိုင်ခန်းကို တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်-

(က) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းယာဉ်ဝင်ခ ကောက်ခံသည့်လုပ်ငန်း၊

(ခ) ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားစခန်း ယာဉ်ရပ်နားခ ကောက်ခံသည့်လုပ်ငန်း၊

(ဂ) ဒဂုံ-ဧရာပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်း ကျုံပျော်လမ်းရှိ ဆိုင်ခန်းအမှတ်(ဈ/၄၀)၊

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေး ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံးသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - | ၁၉ - ၂ -၂၀၂၄ ရက် (တနင်္လာနေ့) |
| **တင်ဒါအရောင်းပိတ်မည့်ရက်** | - | ၂၉-၂-၂၀၂၄ ရက် (ကြာသပတေး) ၁၃:၀၀ နာရီ |
| **တင်ဒါကျင်းပမည့်ရက်** | - | ၁-၃-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ |
| **တင်ဒါကျင်းပမည့်နေရာ** | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀

ဦးမြင့်နိုင် **နှင့်** ဦးမြထွေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ယ-၃)၊ ၁၁၅လမ်းနှင့် သာယာဝတီမင်းကြီးလမ်းကြား၊ (က)ရပ်နေ၊ ဦးမြထွေး(ဘ) ဦးညိုစ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်နိုင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဦးအောင်ဆန်းဝင်း **နှင့်** ဦးလှထွေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ၈၈-၄/၈၅၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ဦးလှထွေး (ဘ) ဦးပြုံးချို သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ဆန်းဝင်းက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

ဦးတင်လှထွေး **နှင့်** ဦးသိန်းလွင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(မမ- ၁၀)၊ မြရည်နန္ဒာရပ်ကွက်နေ (ဘ) ဦးမောင်ကြီး၏သားဖြစ်သူ ဦးသိန်းလွင် (MNN-၀၀၆၅၈၇)၊ ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးတင်လှထွေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၁၀၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀ x ၆၀)ပေ အကျယ်အဝန်းရှိ ဦးသိန်းလွင် အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**


ဗဟို 7 ခုံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်၊
ပွဲခလုံးဝမယူပါ ၊
09-45 5050 900
09-33333 511


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/49135 CPM SAWASDEE 115 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါဝင်း ၅/ထခန (နိုင်)၀၅၂၁၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၂၂၅၅၈ TVS DAZZ 110 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ အင်းဝလမ်း၊ မြေကွက်အမှတ် (၈၄၀)၊ အကျယ် (၄၀ x ၆၀)ပေရှိ မြေကွက်သည် ဦးကျော်ဆွေ ၁၂/ဗတထ(နိုင်)၀၂၇၅၁၀ ၏ အမည်ဖြင့် မြေချပါမစ် အမည်ပေါက်ပြီး အဆိုပါမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်(၂၀x၆၀)ပေရှိသည့် (မြေကွက်အမှတ်-၈၃၉နှင့်ကပ်လျက်) မြေကွက်ကို အမည်ပေါက်ထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၊ ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ (၁) ဦးအောင်ခိုင်ဆင့် ၁၄/ညတန(နိုင်)၁၂၀၅၈၉ နှင့် (၂)၊ ဒေါ်ခင်ချိုဌေး ၁၂/ဥကတ(နိုင်)၁၆၅၁၆၁ (၁၀/ကထန(နိုင်)၁၂၂၆၄၅)၊ အမှတ်-၁၁၀၈၊ ဖြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူမှ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄) ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**အမှတ် ၅၈၁/ခ၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၁၉၇၉၃၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ရေပူအုပ်စု၊ အုန်းကိုင်းရပ်နေ မိဘများဖြစ်ကြသော ဦးထွန်းနိုင် ၉/မလန(နိုင်)၀၀၆၉၈၃ နှင့် ဒေါ်မေသင်းဦး ၉/မလန(နိုင်)၀၈၅၆၂၁ တို့၏ သားဖြစ်သူ ဦးစိုးဝေယံပိုင် ၉/မကန(နိုင်)၁၁၇၂၀၆ သည် မိဘများ၏ ဆိုဆုံးမသည့်စကားကို နားထောင်ခြင်းမရှိဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူလိုက်လံဖြေရှင်းပေးတော့မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ချက်အရ-**
**ဦးလပြည့်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၅၁)**
**ဈ/၃၆၊ မြို့လယ်ရပ်၊ မိုးကုတ်မြို့။**
**ဖုန်း-၀၉-၄၄၄၀၀၂၆၅၆**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 6F/7513 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/18856 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princes Co.,Ltd ၇၄x၇၅ကြား၊ ၃၄လမ်း၊ ချမ်း/စံက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/7953 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဦးဇော်မိုး(ဘ) ဦးစိန်ဝမ်(၁၂/ကမတ(နိုင်)၀၀၀၀၄၀)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့နယ်၊ စုပေါင်း(၂၃)ရပ်ကွက်၊ သံသုမ္မာလမ်း၊ တိုက်အမှတ် (၄/၂) နေ ဒေါ်နန်းဝင်းစန္ဒာ(ဘ) ဦးရိန်းယော် ၁၂/ကမတ(နိုင်)၀၅၀၀၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးဇော်မိုးနှင့် ဒေါ်နန်းဝင်းစန္ဒာတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် ရန်ကုန်မြို့၌ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကာ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ဦးဇော်မိုးသည် ၃၁-၁၀-၁၉၉၅ ရက်တွင် မိသားစုအတွက် စီးပွားရှာဖွေလုပ်ကိုင်ရန် ဂျပန်နိုင်ငံသို့ထွက်သွားခဲ့ပြီး ထိုနေ့မှစ၍ ဇနီးဖြစ်သူ ဒေါ်နန်းဝင်းစန္ဒာအား ယနေ့ချိန်အထိ အဆက်အသွယ်ဖြတ်ကာ အကြောင်းမဲ့ စွန့်ပစ်ခဲ့ပါသည်။ ဒေါ်နန်းဝင်းစန္ဒာဘက်မှ ဦးဇော်မိုးအား ကြိုးစားအားထုတ်ရှာဖွေဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်လုံးဝရရှိခဲ့ခြင်းမရှိပါ။ ဦးဇော်မိုးမှ ဒေါ်နန်းဝင်းစန္ဒာထံသို့ ယနေ့အချိန်ထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ စားစရိတ်ထောက်ပံ့ခြင်း၊ ပြန်လည်ပေါင်းသင်းရန် အားထုတ်ခြင်းစသည့် လင့်ဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်းများ လုံးဝမရှိခဲ့ဘဲ အကြောင်းမဲ့စွန့်ပစ်ခဲ့ပါသည်။ ဦးဇော်မိုး စွန့်ပစ်ခဲ့သည့်ရက်မှစ၍ ယနေ့အချိန်ထိ ဒေါ်နန်းဝင်းစန္ဒာသည် မိမိနှင့် မိမိ၏သမီး စားဝတ်နေရေးအတွက် ကိုယ်တိုင်ရှာဖွေ စားသောက်နေထိုင်ခဲ့ပါသည်။ စွန့်ပစ်ခဲ့သူ ဦးဇော်မိုးအား ဒေါ်နန်းဝင်းစန္ဒာဘက်မှ လင်ယောကျ်ားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်း ပြတ်စဲကြောင်း ဦးဇော်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းဝင်းစန္ဒာမှ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးဇော်မိုးနှင့် လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင်ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဦးဇော်မိုးနှင့် ပတ်သက်သော ကိစ္စရပ်များသည် ဒေါ်နန်းဝင်းစန္ဒာနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချယ်ရီဝင်းရွှေ (LL.B,Q1) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၆၃)**
**ရန်-မန်းလမ်းအနီး၊ ကွက်စိတ်(၉)၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၅၉၅၀၈၉၉၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/17312 Jinshan 110 M/C ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/56441 Canda 125 ယာဉ်လက်ဝယ်ရှိသူ Yaung Ni Win Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/67083 Angbo 125 ယာဉ်လက်ဝယ်ရှိသူ Sein Sabai Phyu Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/90282 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/78066 Toyomax 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/55530 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/10496 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/12471 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ် (၉၄-ဃ/၂)၊ ၈x၁၀လမ်း၊ ၇၃x၇၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့်၏ (SP ရရှိသူ ဦးသန့်ဇော်ဝင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၃၈၈၁/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော်ထွန်း ၉/အမဇ (နိုင်)၀၁၄၁၁၇၊ ဒေါ်နန်းမြင့်အေး ၉/မနမ(နိုင်)၁၁၇၉၄၄၊ ဒေါ်သက်အိအိကျော် ၉/မနမ(နိုင်)၁၁၇၉၄၉ တို့က အမှုတွဲအမှတ် ၇၂၈၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/9666 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

**ကွယ်လွန်သူ ဒေါ်မြရီ ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အေးဇရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မြရီ၏ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အေးဇရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၂၀/၈ + ၂၀/၃)၊ ဧရိယာ ၀ ဒသမ ၄၄ + ၀ ဒသမ ၂၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်တင်အေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မြရီ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်တင်အေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဝီလီ)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် PSH private school Grade-2မှ (ဘ) ဦးကျော်ဝင့်ဟန်၏ သမီး မဆုထက်ဝင့်အား မဆုဆုဇင် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မနှင်းချို (ဘ) ဦးဝမ်ကြားရုံ(ခ)ထွန်းမြင့် ၁၃/လရန (နိုင်)၁၉၄၄၃၉ ၏ ပတ်စ်ပို့စာအုပ် အမှတ် (ME-462230) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၅၄၁၈၈၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဦးမြင့်နိုင် နှင့် ဦးလှသန်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(အ-၁၅)၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ (ဂ)ရပ်ကွက်နေ ဦးလှသန်း(ဘ)ဦးသာဟန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးလှသန်း(ဘ)ဦးသာဟန် သင့်အပေါ်၌ ဦးမြင့်နိုင်က" မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ် (နန-၃)၊ ဦးပိုင်အမှတ် (၃၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဦးလှသန်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုစေသည့် ဒီကရီ" ရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍၊ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့ နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/53273 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁ခ)၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၃၈)၊မြေဧရိယာ ၀ ဒသမ ၁၈၆ ဧကရ ှိမြေကွက်အား မူလက ဦးမော့တန်လဆမ် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးမော့တန်လဆမ်မှာ ၄-၃-၂၀၀၁ ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်နော်ဖန်ကော့တောင်မှာ ၁၇-၈-၂၀၁၂ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ကျန်ရစ်သူ သားသမီးများဖြစ်ကြသည့် ဒေါ်ဂျာခိုင်၊ ဒေါ်ရွယ်ဆန်း၊ ဦးအောင်ဆွတ်နောင်၊ ဒေါ်လုဂျာတို့ (၄)ဦးထွန်းကားခဲ့ရာ ၎င်းတို့(၄)ဦးမှ ၄-၇-၂၀၂၂ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၉၀/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီးဖြစ်သဖြင့် ဒေါ်ဂျာခိုင် ၁/မကန(နိုင်)၀၁၉၉၉၆၊ ဒေါ်ရွယ်ဆန်း ၁/မကန(နိုင်)၀၀၃၆၉၈၊ ဦးအောင်ဆွတ်နောင် ၁/မကန(နိုင်)၀၀၃၆၉၇၊ ဒေါ်လုဂျာ ၁/မကန(နိုင်)၀၈၇၄၇၉ တို့(၄)ဦးအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် ၁၅-၆-၂၀၂၂ ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ် (၂၉၂/၂၀၂၂)ကို ၄-၇-၂၀၂၂ ရက်စွဲပါ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ်(၂၈၉/၂၀၂၂)ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 60W/34706 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါခြေး ၉/မသန(နိုင်)၁၂၈၂၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာအုပ်စု၊ ပေါင်းကူညာဏရပ်ကွက်၊ ဂန္ဓမာလမ်းသွယ်ရှိ အကျယ်အဝန်း အလျား(၆၈)ပေ x အနံပေ(၂၀)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ညိုရီ ၁၂/မဂဒ(နိုင်)၀၆၂၄၀၅၊ ဦးကျော်ဇင်လှ ၁၂/မဂဒ (နိုင်)၁၈၇၁၂၉ နှင့် ဒေါ်ဝတ်ရည်ဖြိုး ၁၂/မဂဒ(နိုင်)၁၅၇၂၄၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နွယ်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၃)**
**ဖုန်း-၀၉-၄၂၁၁၂၃၅၈၉**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)၊ မြတ်လေးလမ်းနှင့် သဇင်လမ်းထောင့်၊ အမှတ် (ဘ၄/၅၇၀)နေ ဒေါ်သန်းသန်း (ခ) မတက်စီကို (ဘ) ဦးကိုကို ၉/မရမ(နိုင်)၀၃၉၄၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ -

(က) မန္တလေးမြို့၊ ပုလဲငွေရောင်ရပ်၊ အကွက်အမှတ် (၁၄၇)၊ ဦးပိုင်အမှတ်(၂၀-အ/၂၀)၊ အရှေ့လားသော်-ဦးပိုင်အမှတ် (၂၀-အ/၂၄)၊ ဒေါ်သိန်းခင် ပါ-၂ မြေအစပ်၊ အနောက်လားသော်-ဦးပိုင်အမှတ်(၂၀-အ/၂၂)၊ ဒေါ်သိန်းခင် ပါ-၂မြေအစပ်၊ တောင်လားသော်-ဦးပိုင်အမှတ်(၂၀ အ/၂၄)၊ ဒေါ်သိန်းခင်ပါ-၂ မြေအစပ်၊ မြောက်လားသော်-ဦးပိုင်အမှတ်(၂၄)၊ မမေမိခင် မြေ အစပ်ပေါ်ရှိ အိမ်နှင့်မြေ၊ (ခ)တောင်ကြီးမြို့၊ ကျောက်တစ်လုံးကြီးမြို့နယ်၊ နာဟီကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် (OSS-ကြေးပြင်)၊ ဦးပိုင်အမှတ် (၃၅၀/၁၆)၊ ယာမြေအမျိုးအစား၊ ဧရိယာ ၂ ဒသမ ၀၄ ဧကရှိ မြေ၊ (ဂ) တောင်ကြီးမြို့၊ ကျောက်တစ်လုံးကြီးမြို့နယ်၊ နာဟီကျေးရွာ၊ ကွင်း/အကွက် အမှတ်နှင့်အမည် (OSS-ကြေးပြင်)၊ ဦးပိုင်အမှတ် (၃၅၅/၁၂)၊ ယာမြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေ၊ (ဃ) တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရောင်ခြည်သွယ်လမ်းရှိ တောင်မြောက် အရှည် (၆၀ပေ)၊ အရှေ့အနောက်(၃၇)ပေ၊ အရှေ့လားသော်-(၁၀)ပေလမ်း၊ အနောက်လားသော်-ဂေါ်ရခါးခြံ၊ တောင်လားသော်-နန်းမေခလာခြံ၊ မြောက်လားသော်-ဦးအောင် ကျော်တိုး ခြံမြေရှိအိမ်မြေ၊ (င) တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ မိုးမခလမ်းရှိ အမှတ်(၄)၊ အကျယ်အဝန်း (၅၀ x ၅၀)ပေ၊ အရှေ့လားသော်-ဦးတင်ထွေး မြေကွက်၊ အနောက်လားသော်-ဦးခွန်စိန်ကိုမြေကွက်၊ တောင်လားသော်-ဒေါ်သန်းသန်းမြ မြေကွက်၊ မြောက်လားသော်-(၁၅)ပေလမ်း၊ ခြံမြေရှိအိမ်မြေ (စ) တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၄)၊ အကျယ်အဝန်း (အရှေ့-၁၀ ပေ၊ အနောက်-၂၉ ပေ၊ တောင် - ၉၆ ပေ၊ မြောက် - ၇၆ ပေ) ခြံမြေပေါ်ရှိ အိမ်မြေ၊ (ဆ)တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ပန်းသဇင်လမ်းရှိ အကျယ်အဝန်း (အရှေ့ အနောက်-၆၀ပေ)၊ တောင်မြောက်-၄၀ပေ) ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို သက်ဆိုင်သူအားလုံးတို့က တရားဝင် ၂-၈-၂၀၂၃ ရက်က မိသားစုစီမံမှုစာချုပ်အရ အသီးသီး ကျေကျေနပ်နပ် ခွဲဝေပြီးဖြစ်ပါသည်။

ထို့ကြောင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်းသာ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိသားစု စီမံမှုစာချုပ်ပါအချက်များအား ကျော်လွန်၍ အဆိုပါမြေများနှင့်ပတ်သက်ပြီး အုပ်ထိန်းသူ ဒေါ်သန်းသန်း မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ ပြောဆိုခြင်း၊ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၆)**
**အမှတ် (၁၀၀)၊ ပြည်တော်သာ (၃)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။ Ph-09-2046739, 09-782046739**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇

ဦးမြင့်နိုင် နှင့် ဦးအေးကြိုင်
**တရားလို တရားပြိုင်**

